မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၄ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၃၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီး၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ခန္တီးခရိုင် ပြန်/ဆက်ဦးစီးဌာန စာငှားစနစ်ကျင့်သုံးရေး ကွင်းဆင်းဆွေးနွေး

ခန္တီး ဖေဖော်ဝါရီ ၁၅

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ခန္တီးမြို့နယ် ကချင်ကျေးရွာ ရိမ်မွန်စာကြည့်တိုက်သို့ ဇန်နဝါရီ ၁၇ရက် နံနက် ၁၀နာရီက ရောက်ရှိပြီး အဆိုပါ စာကြည့်တိုက်၌ စာငှားစနစ် ကျင့်သုံးရေးနှင့် စာအုပ်စာစောင်ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ဂုဏ်ယူဝင့်ကြွား

ရှေ့ဦးစွာ ခရိုင်ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာ စာကြည့်တိုက်များအနေဖြင့် စာငှားသူ၊ စာဖတ်သူမရှိဘဲ ရှင်သန်အောင်မြင်နိုင်မည်မဟုတ်၊ စာငှားစနစ်ကို လက်တွေ့ကျင့်သုံးခြင်းဖြင့် စာငှားသူ၊ စာဖတ်သူများ တိုးပွားလာပြီး ကျေးရွာ၏ ကျက်သရေဆောင် စာကြည့်တိုက်အဖြစ် ဂုဏ်ယူဝင့်ကြွားလာမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ခရိုင်ဒုတိယဦးစီးမှူးက စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၅၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးမျိုးချစ်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ငွေချည်(၆)၊ ကြံစိုက်ခင်းနှင့် တောင်နဝင်းဆည်တို့ဖြင့် လှပဝေစည်နေသည့် ပဲခူးတိုင်း ပေါက်ခေါင်းမြို့မြင်ကွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စပါးခင်းများဖြင့် စိမ်းလန်းသာယာသောမြို့....။

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှု အများဆုံးမြို့....။

ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖုန်းများ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီဖြစ်သောမြို့....။

ဤမြို့ ဤဌာနေ ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက ပေါက်ခေါင်းမြို့ပင်ဖြစ်သည်။ ပေါက်ခေါင်းမြို့သို့ မမျှော်လင့်ဘဲ ရောက်ရှိခဲ့ခြင်းပင်ဖြစ်၏။ အကြောင်းမှာ တောင်နဝင်းဆည်တမံသို့ လေ့လာရန်အသွား ပေါက်ခေါင်းမြို့လယ်သို့ဖြတ်၍ သွားခဲ့ရခြင်းကြောင့်ပင် ဖြစ်သည်။

မြစိမ်းရောင်လွှမ်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်နဝင်းဆည်ထိန်းသိမ်းရေးတာဝန်ခံ ဦးစီးအရာရှိ ဦးမြင့်ဆွေက သတင်းခရီးသည်တို့အား သူ၏ ဆလွန်းကားလေးဖြင့် တောင်နဝင်းဆည်ကြီးကို လေ့လာရန် တည်းခိုရာ ပြည်မြို့မှ နံနက် ၉နာရီတွင် ထွက်ခွာခဲ့ကြသည်။ ပေါက်ခေါင်းမြို့သည် ပြည်မြို့အရှေ့ဘက် ၂၄မိုင်ကွာဝေးသည်။ တရိပ်ရိပ် အရှိန်ပြင်းစွာ မောင်းနှင်လာသော သတင်းခရီးသည်တို့၏ မော်တော်ကားလေးသည် မကြာမီ စိမ်းလန်းသာယာသော မြင်ကွင်းများကို တွေ့ရသည်။ ထိုမြင်ကွင်းသည်ကား မြစိမ်းရောင်လွှမ်းနေသော စပါးခင်းများပင် ဖြစ်သည်။ တချို့သော စပါးခင်းများမှာ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း ဆိုသည့်စာနှင့်အညီ စပါးနှံများ စတင်ထွက်ခါစပြုနေသည်။ တချို့ အစိုက်စောသော စပါးခင်းများမှာ သီးမှည့်နေ၍ ဝင်းဝါနေပေပြီ....။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပေါက်ခေါင်းမြို့နယ် သဖန်းချိုကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) စံပြ ဧက ၅၀ စိုက်ခင်းကို ဤသို့ အားရဖွယ် တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

သတင်းခရီးသည် - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

16-2 (01).pmd 1 2/16/2010, 2:11 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါသည် ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ ကြိုတင်သိရှိပြီး ထိရောက်စွာ ကာကွယ်ကုသနိုင်လျှင် စိုးရိမ်ဖွယ်မရှိသောရောဂါဖြစ်သည်။ ထိုရောဂါသည် ကူးစက်မှုမြန်ပြီး ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေး၊ လူမှုရေး ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရနိုင်သဖြင့် ဆုံးရှုံးမှုများမှကာကွယ်နိုင်ရန် ပြည်သူများအနေဖြင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ကြရမည် ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းမှစတင်၍ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်တို့၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားသူများ တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါဖြစ်ပွားသူများအား ထိရောက်သောကုသမှုများပေးခြင်း၊ ရောဂါပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်သည်။ လူတုပ်ကွေးရောဂါလက္ခဏာများမှာ ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပွားပြီး အခြားသောတုပ်ကွေးလက္ခဏာများနှင့်လည်း တူညီသည်။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာ ဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ အချိန်မီပြသရန် လိုအပ်သည်။

အထူးသဖြင့် ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးငယ်များနှင့် လူငယ်လူရွယ်များအား ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ သိကောင်းစရာများကို နားလည်သဘောပေါက်စေရန် ပညာပေးဟောပြောကြရမည်ဖြစ်သည်။ ကျောင်းသားလူငယ်များ နှာစေး၊ ချောင်းဆိုးခဲ့ပါလျှင် လက်ကို မကြာခဏ စင်ကြယ်စွာဆေးကြောခြင်း၊ လူစုလူဝေးနေရာများသို့ သွားရောက်မှုမှ ရှောင်ကြဉ်ခြင်းနှင့် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုခြင်းများကို ဂရုတစိုက် လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၇-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဇောဇ္ဈင်္ဂသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၄၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ
ဤမြေကမ္ဘာ(၂၇)
နေ့လယ်ခင်း တေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၀)
တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(ရင်ခုန်ရသော ထိုတစ်နေ့)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ)
စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ
(ခေါက်ဆွဲကြော်နဲ့ ကြာဆံကြော်)
၁၇း၁၀ Current Song(10)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၇)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း
(ရေကောင်းရေသန့်)
၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား
နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(မေလာ)
၁၉း၃၀ တေးပဒေသာ
၁၉း၄၀ ဝတ္ထုတိုခံစားမှု
(ရက်စက်ပါ့မယ်ကြော့ရယ်)
၂၀း၀၀ ပြည်တွင်းသတင်း
စီးပွားရေးဦးတည်ချက်
၂၀း၂၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ
၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ
(အမျိုးသမီးများနှင့် ဆေးလိပ်အန္တရာယ်)
လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

မြန်မာ-ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးမောင်မြင့် တက်ရောက်ခဲ့

စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့်အလားအလာများအမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် မြန်မာ-ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲကို ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့၌ ဖေဖော်ဝါရီ ၇ရက်က ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး H.E .Mr.Ali Ahmed Katri ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုစွမ်းအင်၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုလသမဂ္ဂ ဘက်မလိုက်လှုပ်ရှားမှုအပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရေးအတွက် ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ယင်းဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ နေ့လယ်စာစားပွဲသို့ ခါတွန်မြို့ရှိ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းအာရှနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများလည်း တက်ရောက်ကြသည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၆ရက်က ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Deng Alor Kuol (SPLM) အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ ထိုနေ့တွင်ပင် ဆူဒန်စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mrs.Anglin Jang Teny အား ၎င်း၏ရုံးခန်း၌ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဆူဒန်နိုင်ငံ၌ ရောက်ရှိနေစဉ် ဆူဒန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲသို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ ထို့အပြင် ဆူဒန်ကုန်သည်ကြီးများအသင်း အတွင်းရေးမှူးချုပ်နှင့်လည်းကောင်း၊ ဆူဒန်နိုင်ငံ Danfodio Holding မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

သန်မြန်သူအသင်းမိသားစု၏ ပညာရည်ချွန်ဆုချီးမြှင့် ထောက်ပံ့ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သန်မြန်သူ အသင်းဝန်ထမ်းများ၏ သားသမီးများနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြကျေးရွာ (လေးဒေါင့်ကန်) အထက (စိုက်မွေး-၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ထောက်ပံ့ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက်က အထက(စိုက်မွေး-၁)ကျောင်းခန်းမ၌ ကျင်းပရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူ လေးဘာသာ တစ်ဦး၊ သုံးဘာသာ တစ်ဦး၊ နှစ်ဘာသာ နှစ်ဦး၊ တစ်ဘာသာ ငါးဦး၊ မြို့နယ်အဆင့် အတန်းစုံ ဘာသာရပ်ထူးချွန်ဆုရ သုံးဦးအပါအဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၂၃ဦးနှင့် သင်ကြားမှုထူးချွန်ဆုရ ဆရာမ ၂၈ဦးတို့အား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးငွေးနိုင် **(ယာပုံ)**နှင့် သန်မြန်သူအသင်း တာဝန်ရှိသူများ တက်ရောက်၍ ပညာရည်ချွန်ဆုများ ချီးမြှင့်ထောက်ပံ့ခဲ့သည်။

(သန်မြန်သူ)

တာမွေမြို့နယ် ကျောက်မြောင်း သြဘာလမ်း အမှတ်(၈၈)နေ ဦးအုံးကျော်-ဒေါ်ခင်လေးထိုက်မိသားစုက ဦးခင်စိန်နှင့် ဒေါ်မြမြတို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ရခိုင်ပြည်နယ် ပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၁၂ရက်က မြောက်ဦးမြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြောက်ဦးမြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့်လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မြောက်ဦးမြို့၌ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးက ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရေး၊ ဝင်ငွေပိုမိုရရှိရေး၊ အသုံးစရိတ်ချွေတာရေး၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်း အစဉ်တိုးတက်အောင်၊ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းကြရေး၊ လုပ်ငန်းတာဝန်များကို စည်းလုံးညီညွတ်စွာ ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၃ရက်က စစ်တွေမြို့ ဆပ်ရိုးကျချောင်းအဝင် ရေလမ်းကြောင်းအခြေအနေ၊ ဆိပ်ကမ်း၌ ရေယာဉ်များ ဆိုက်ကပ်နေမှု၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်နေမှု၊ စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုနှင့် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ကမ်းရိုးတန်းသွားရေယာဉ်များ၏ ကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဂရုပြုဆောင်ရွက်

ယင်းနောက် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေလေဆိပ်၌ လေယာဉ်များ ဆင်းသက်နေမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ လေဆိပ်အဆောက်အအုံနှင့် လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက လေဆိပ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်စေရန်အတွက် စီမံချက်ချဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လေဆိပ်လုံခြုံရေးအတွက် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့ဆိပ်ကမ်း၌ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ရိုးရာအကပုံစံများဆိုင်ရာလေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(COCI)အောက်ရှိ ယဉ်ကျေးမှုဆပ်ကော်မတီ(SCC)က ကြီးမှူးကျင်းပသည့်အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ရိုးရာအကပုံစံများဆိုင်ရာလေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ နိုင်ငံအလိုက် စာတမ်းများဖတ်ကြားခြင်း၊ နိုင်ငံအလိုက်ရေးဆွဲခဲ့သော ကကွက်များ၏ ပုံဆွဲပုံကြမ်းများ(Sketch Drawing of Dance Pattern)ကို နိုင်ငံအလိုက် ကိုယ်စားလှယ်များက တင်ပြခြင်းနှင့် ဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အကဲပေးပုဂ္ဂိုလ် ဦးအောင်သွင်က ဆောင်ရွက်သည်။

ဖတ်ကြား

နံနက်ပိုင်းတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ စာတမ်းရှင်လေးဦးတို့က စာတမ်းများ ဖတ်ကြားကြပြီး မွန်းလွဲပိုင်းတွင် မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ စာတမ်းရှင်သုံးဦးတို့က စာတမ်းများ ဖတ်ကြားကြသည်။

အကဲပြု

ထို့နောက် တက်ရောက်လာကြသော ကိုယ်စားလှယ်များက စာတမ်းများနှင့် စပ်လျဉ်း၍ ကကွက်များကို ပုံကြမ်း (Sketch Drawing)ဖြင့် ရေးဆွဲတင်ပြရာ၌ တွေ့ရှိရသော အခက်အခဲများနှင့် အကဲပြုချက်များကို ဆွေးနွေးကြသည်။

ဝိုင်းဝန်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံမှ Resource Person ဦးအောင်သွင်က ဦးဆောင်၍ နိုင်ငံတိုင်းတွင်အသုံးပြုနိုင်မည့် ကကွက်တစ်ကွက်ခြင်းနှင့် ကကွက်အဆင့်ဆင့်ကို ရေးဆွဲမှတ်တမ်းတင်နိုင်မည့် Sketch Drawing ပုံစံကို ဝိုင်းဝန်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ လက်တွေ့ရေးဆွဲမှတ်တမ်းတင်ခြင်း အစီအစဉ်တွင် ကိုယ်စားလှယ်များက အုပ်စုနှစ်စုခွဲ၍ ဒုတိယနေ့တွင် ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် နည်းလမ်းကိုအသုံးပြုကာ မိမိတို့၏ ရိုးရာအကတစ်မျိုး၏ ကကွက်အဆင့်ဆင့်ကို ရေးဆွဲကြသည်။

မှတ်တမ်းတင်

ထို့အပြင် ကကွက်များ၏ ပုံကြမ်း (Sketch Drawing)များတွင် တွေ့ရှိရသော အားသာချက်နှင့် အားနည်းချက်များကို ဆွေးနွေး၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြသည်။

ညပိုင်းတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထွက်ခွာ

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေးဆွဲတင်ပြ

အာဆီယံ ဒေသအတွင်းရှိ တက်ရောက်လာသော ကိုယ်စားလှယ်များက ကကွက်များကို ပုံကြမ်း Sketch Drawing ဖြင့် ရေးဆွဲတင်ပြကြစဉ်။ (သတင်းစဉ်)

ရေတာရှည်မြို့နယ် နွေစပါးစိုက်ပျိုးမှု ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဖေဖော်ဝါရီ ၁၅

တောင်ငူခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင် ရေတာရှည်မြို့နယ်တာဝန်ခံ ခရိုင်မန်နေဂျာ ဦးစောစိန်ဝင်းနှင့် အဖွဲ့သည် ဇန်နဝါရီ ၉ရက် နံနက်က ရေတာရှည်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဟန်ငြိမ်း၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးခင်မောင်စန်းတို့နှင့်အတူ ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးစိုက်ပျိုးမှု စိုက်ဧက ၃၀၀၀၀ပြည့်မီရေးနှင့် စိုက်ပျိုးဆဲ နွေစပါးစိုက်ခင်းများနှင့် ရေပေးဝေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကြသည်။

ပြီးစီးမှု

ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ရက်နံနက်က ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ်-၆၅၇DY 2 ရေမြောင်းမှ ရေဖြင့် နွေစပါးစိုက်ပျိုးနေမှုနှင့် ကွင်းအမှတ်-၆၅၈ MC ရေမြောင်းမကြီးမှရေဖြင့် နွေစပါးစိုက်ပျိုးနေမှုများကို ကွင်းဆင်းကြည့်ရှုကြသည်။ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များအား မြို့နယ်မန်နေဂျာ ဦးတင်ဝင်းက ရေတာရှည်မြို့နယ်အတွင်း စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် စိုက်ပျိုးဆဲ အခြေအနေ၊ စိုက်ရန်ကျန်ဧကများအား ရာသီချိန်အမီ အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းအဖွဲ့များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုအခြေအနေ၊ စပါးတစ်ဧက အထွက်နှုန်းတိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆိုင်ရာများ၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးတို့ကို ကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး လယ်သမားကြီးများနှင့် ထိတွေ့လျက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အပြည့်အဝ

ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အချိန်နှင့်တစ်ပြေးညီ စိုက်ဧကအပြည့်အဝ စိုက်ပျိုးနိုင်ရေး မှာကြားခဲ့သည်။

(လယ်/ယာ စိုက်ပျိုးရေး)

ပြည်ထောင်စုနေ့ အခမ်းအနား ပခုက္ကူမြို့၌ ကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၁၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ပခုက္ကူမြို့ မြို့မလမ်းရှိ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းက ဖတ်ကြားသည်။ (ဝ၇ဝ)

၁၉၆၈ ခုနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၁၉၆၈ ခုနှစ် ရန်ကုန်စီးပွားရေး တက္ကသိုလ် ဝင်ခွင့်ရကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို မတ်၂၀ရက် (စနေနေ့) ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒေါ်နုနုသန်း ဖုန်း-၀၉-၅၁-၆၅၆၂၂၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၀၁-၅၄၈၈၀၃၊ ၀၁-၃၉၅၁၂၅၊ဦးသိန်းလွင် ဖုန်း-၀၉-၅၁-၁၄၅၈၅၊ ၀၁-၅၄၈၅၇၈၊ ဦးစိမ်းမောင် ဖုန်း-၀၉-၅၀-၃၃၁၈၄၊ ဒေါ်တင်နွယ်ဦး ဖုန်း-၀၉-၅၁-၄၉၉၂၀၊ ဒေါ်ကေသီမြင့် ဖုန်း-၀၁-၅၃၇၉၉၇၊ ၀၁-၃၇၅၁၂၅၊ ဒေါ်နီလာအေး ဖုန်း-၀၁-၃၉၅၁၂၅၊ ဒေါ်မြင့်မြင့်အောင် ဖုန်း-၀၉-၅၀-၉၆၇၀၁၊ ဒေါ်တင်မျိုးအေး ဖုန်း-၀၉-၅၀-၂၇၂၄၂၊ ဒေါ်မြမြဝင်း ဖုန်း-၀၁-၅၁၀၄၆၉၊ ဒေါ်အေးမြင့် ဖုန်း-၀၁-၅၅၆၆၃၁၊ ဒေါ်ခင်မကြီး(ခင်စိမ်းမိုး) ဖုန်း-၀၁-၅၁၈၀၅၆နှင့် ၀၉-၅၁-၀၀၂၁၁တို့သို့ ဆက်သွယ်မေးမြန်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Envoy News ဂျာနယ် အမှတ်(၃)ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘော်ဒါဆောင်မှာ တွေ့ခဲ့ရတဲ့ A(H1N1) ရောဂါပိုး၊ အပြင်းစားကြက်တုပ်ကွေးကြောင့် ဈေးခြောက်ဈေးတွင် ကြက်နှင့် ကြက်ဥရောင်းချမှုတားမြစ်၊ လာမည့်နှစ် အပူချိန်တိုးပြီး မိုးပိုလာဖွယ်ရှိ၊ နှစ်ပေါင်း ၆၂သန်းမှာ တစ်ခါသာဖြတ်တဲ့ နေစကြဝဠာကြီး၊ ဂလက်ဆီဖြတ်ခြင်း နောက်နှစ်နှစ်အကြာမှာ ဖြစ်မည်။ နေပြည်တော် Land Mark ဥယျာဉ်သစ်ကြီးဖွင့်ပွဲ၊ စကတ်တိုဘောင်းဘီတိုတွေသတိထား၊ သီရိဆွေပြောတဲ့ R & B အကြောင်း၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အကယ်ဒမီ Interview၊ မင်းသမီးရေးတဲ့စာ၊ ယခုနှစ် ဆန်ဈေးတည်ငြိမ်ဖွယ်ရှိ၊ ကမ္ဘာလှည့်များ ပုဂံမှ ချင်းတောင်သို့ တိုက်ရိုက်သွားနိုင်ပြီ၊ မကျက်သောအသားကင် ကင်ဆာဖြစ်နိုင်၊ ပြည်သူ့အသံနှင့် Envoy အကယ်ဒမီတစ်ကြို ကံထူးရှင်များ၊ နှစ်ဖက်လွှသူလျှိုလေလား၊ အောင်သင်း၊ မောင်ဝံသ၊ လူထုစိန်ဝင်း၊ သိန်းအေးစိုးအုပ်တို့၏ ဆောင်းပါးများ၊ အခြားပညာရေး၊ ကျန်းမာရေး၊ IT နည်းပညာများ၊ အားကစားသတင်းနှင့်ပြည်တွင်းပြည်ပ ထူးခြားသတင်းများကို စုံစုံလင်လင် တင်ပြထားသည့် Envoy Infotainment Journal အမှတ် (၃)ကို အမှတ် ၄(A)၊ မြေနီကုန်းပလာဇာရှိ Envoy ဂျာနယ်တိုက်၊ ဖုန်း-၅၁၂၇၇၁မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

ခြင်ဆေးမီးပွား သေးငယ်ဘြား ဒုက္ခများစွာ ပေးလိမ့်မည်။

ဆာမိုအာ၊ တွန်ဂါနှင့် ဖီဂျီတို့၌ မုန်တိုင်းသတိပေးချက်ထုတ်ပြန်

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၅

ရီနီဆိုင်ကလုန်းမုန်တိုင်းသည် ဆာမိုအာနှင့် တွန်ဂါနိုင်ငံများတွင် အားကောင်းလျက်ရှိသည်။ အဆိုပါမုန်တိုင်းသည် အဆင့် ၃အဖြစ် အားကောင်းလာနိုင်ပြီး တောင်ပိုင်းသို့ ဦးတည်တိုက်ခတ်လာနိုင်ကြောင်း ဖီဂျီမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ကျရောက်

ကမ်းရိုးတန်းတစ်လျှောက် လေပြင်းများ တိုက်ခတ်နိုင်သဖြင့် ကမ်းခြေဒေသများတွင် မြင့်မားသည့်လှိုင်းများ ကျရောက်နိုင်ပြီး ထိခိုက်ပျက်စီးနိုင်သည်ဟု ဖီဂျီနိုင်ငံမှ ရာသီဥတုခန့်မှန်းသူ ဒွန်တီက ပြောကြားသည်။

သတိပေး

ဆာမိုအာ၊ တွန်ဂါနှင့် ဖီဂျီနိုင်ငံများမှ ဝန်ထမ်းများအား မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် နယူးဇီလန်ကြက်ခြေနီဌာနမှ မန်နေဂျာမက်ကီက ဆော်ဩထားသည်။ **(အင်တာနက်)**

ပူးပေါင်းထိုးစစ်ဆင်မှုအတွင်း တာလီဘန်တို့ ခြေကုပ်စခန်းမှဆုတ်ခွာ

ကဘူးလ် ဖေဖော်ဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် မာဂျတ်မြို့တွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက အမေရိကန်နှင့် နေတိုးတပ်ဖွဲ့တို့ ပူးပေါင်းထိုးစစ်ဆင် နှိမ်နင်းမှုတွင် တာလီဘန်တို့ ယင်းဒေသမှ ဆုတ်ခွာထွက်ပြေးခဲ့ရသည်ဟု ဒေသခံများက ပြောကြားသည်။ တာလီဘန်တို့သည် တိုက်ခိုက်မှုများကို အရှိန်မြှင့်ရန်နှင့် တပ်ဖွဲ့ပြန်စုစည်းရေးအတွက် ဆုတ်ခွာခြင်းဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ တရုတ်နှစ်ကူးပွဲတော်ကာလတွင် နဂါးအကများဖြင့် လှည့်လည်နေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၌ ကုန်လှောင်ရုံမီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပ ဒုံးကျည် ကာကွယ်ရေး ဘူလ်ဂေးရီးယား လိုလား

ဆိုဖီယာ ဖေဖော်ဝါရီ ၁၅

ဥရောပဒေသ၌ဖြန့်ကြက်မည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်သစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံကပါဝင်ရန် စီစဉ်နေသည်ဟု ပြောကြားလိုက်သည်။ အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံကလည်း ယင်းအစီအစဉ်တွင်ပါဝင်ရန် စိတ်ဝင်တစားရှိသည်ကို ပြသပြီးဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြောကြား

ဖော်ပြပါအစီအစဉ်ကို ဥရောပသမဂ္ဂက သဘောတူထောက်ခံပါက ဘူလ်ဂေးရီးယားအစိုးရက ယင်းစနစ်တွင်ပါဝင်ရန် လိုလားသည်ဟု ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ဘောရစ်ဆော့က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

လမ်းဖွင့်

အမေရိကန်အစိုးရက ယင်းပြဿနာနှင့်ပတ်သက်၍ ဘူလ်ဂေးရီးယားနှင့်ဆွေးနွေးရန် လမ်းဖွင့်ထားသည်ဟု ၄င်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အရိပ်အမြွက်ပြောကြားသည်။ ***(အင်တာနက်)***

ကက်စ်ပီယန်ပင်လယ်၌ အီရန်ရေနံတူးဖော်ရေးစတင်

တီဟီရန် ဖေဖော်ဝါရီ ၁၅

အီရန်အစိုးရသည် ကက်စ်ပီယန်ပင်လယ်အတွင်း၌ ရေနံတူးဖော်ရှာဖွေရေး စီမံကိန်းပထမအဆင့်ကို အောင်မြင်စွာ စတင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကက်စ်ပီယန်ပင်လယ်တောင်ပိုင်းတွင် ရေနံစည်ပေါင်း ၃၂ဘီလီယံထက် မနည်း တူးဖော်ရရှိနိုင်သည်ဟု ကျွမ်းကျင်သူများ ကခန့်မှန်းထားသည်။ အီရန်ရေနံတူးဖော်ရေးအနေဖြင့် ကက်စ်ပီယန်ပင်လယ်အတွင်းမှ ရေနံလုပ်ကွက် ၄၆ခုကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့အတွင်းနှင့် နိုင်ငံအရှေ့တောင်ပိုင်းနေရာများ၌ ရေနံသိုက်များကို ပိုင်ဆိုင်ထားသည်။ **(အင်တာနက်)**

အိရန်သို့ ဓာတ်ငွေ့ပို့လွှတ်မည့်ပိုက်လိုင်း အဇာဘိုင်ဂျန် တည်ဆောက်သွားမည်

ဘာကူး ဖေဖော်ဝါရီ ၁၅

အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏နိုင်ငံပိုင် ရေနံကုမ္ပဏီ(ဆိုကာ)သည် ယခုနှစ်အတွင်း အီရန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်မည့် ပိုက်လိုင်းသစ် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန်အစိုးရအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

တည်ဆောက်မည်

ဆိုကာကုမ္ပဏီသည် ကီလိုမီတာ ၂၀၀ ရှည်လျားသည့် ဆနဂါချားလ်-အာဇတ်ကင်-အက်စ်တာရာဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၁၀ ခုနှစ်တွင် တည်ဆောက်တော့မည်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါအရာရှိက ပြောကြားသည်။

အီရန်နိုင်ငံသို့တင်ပို့မည့် လက်ရှိပိုက်လိုင်းသည် လုံလောက်မှုမရှိသဖြင့် ယင်းကဲ့သို့ အသစ်တိုးချဲ့တည်ဆောက်သွားရမည့် အခြေအနေရှိကြောင်း ၄င်းကပြောကြားသည်။

ပို့လွှတ်နိုင်

ယင်းပိုက်လိုင်းသည် အီရန်နိုင်ငံသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၈ သန်း ပို့လွှတ်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန် စီမံကိန်းအလုပ်သမား ဖိလစ်ပိုင်စစ်သွေးကြွများ ပြန်လွှတ်

ကိုတာဘာတို ဖေဖော်ဝါရီ ၁၅

ဆူပူလုပ်ရှားမှုဖြစ်ပွားနေသော ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အယ်လ်ခိုင်ဒါနှင့် ပူးပေါင်းနေသည်ဟုယူဆရသော စစ်သွေးကြွများက ယင်းတို့ပြန်ပေးဆွဲထားသည့် အမေရိကန်အထောက်အပံ့ခံ စီမံကိန်းအလုပ်သမား ရာဂျာဟာလွှတ်ကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဖမ်းဆီး

ရာဂျာဟာလွှတ်မှာ ဖမ်းဆီးထားသူများလက်တွင် နောက်ဆုံးကျန်နေသူဖြစ်ပြီး သူ့ကို ဖေဖော်ဝါရီ ၁၂ရက် ည ၇နာရီခွဲခန့်၌ ဆူလူပြည်နယ် ပါကီတူမြို့မှ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ စစ်ဦးစီးမှူး ဗိုလ်မှူးချုပ် ဘင်ဂျာမင်ဒိုလိုဖီနိုက ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ပြန်ပေးဆွဲ

ပြန်ပေးဆွဲထားသူများအား ဟာလွှတ်၏ မိဘများက ပြန်ရွေးငွေပေးမပေးဆိုသည်ကိုမူ သဲသဲကွဲကွဲမသိရဟုဆိုသည်။

ပြန်လွှတ်

ဆိုလိုပြည်နယ် မိုင်ဘွန်မြို့နယ်၌ ဖေဖော်ဝါရီ၁၀ရက်က ဟာလွှတ်၏မိတ်ဆွေဖြစ်သူ ယာဥ်မောင်း ဂျားဂျားအလီကို ပြန်လွှတ်ပေးခဲ့ပြီးဖြစ်သည်ဟုလည်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆေးလိပ်သောက်သုံးမှုတားမြစ်ရေး နီပေါနိုင်ငံတွင် ဥပဒေပြဋ္ဌာန်းမည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၅

နီပေါနိုင်ငံတွင် အများပြည်သူများ စည်ကားရာနေရာများ၌ ဆေးလိပ်သောက်သုံးမှုတားမြစ်သည့်ဆိုင်းဘုတ်များ မကြာမီစိုက်ထူသွားမည်ဖြစ်ရာ ဆေးလိပ်သောက်သုံးသူသို့မဟုတ် ဆေးရွက်ကြီးငုံသူဖြစ်ပါက ယခုအချိန်မှစ၍ ယင်းအလေ့အထကို စွန့်လွှတ်ရတော့မည်ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်

ယင်းကိစ္စနှင့်ပတ်သက်သည့် ဥပဒေကြမ်းကိုပြဋ္ဌာန်းနိုင်ရန် ယခုအခါ ဥပဒေကြမ်းရေးဆွဲရေးကော်မတီက ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းကို ပြုစုပြီးပါက လွှတ်တော်သို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ လွှတ်တော်က အတည်ပြုထောက်ခံလျှင် ယင်းဥပဒေကြမ်းသည် ဥပဒေတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းဥပဒေအရ အများပြည်သူတို့ စည်ကားရာနေရာများတွင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကို တားမြစ်မည်ဖြစ်ကြောင်း၊ ဥပဒေကိုမလိုက်နာပါက ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟု ဖေဖော်ဝါရီ ၁၃ရက်ထုတ် ခတ္တမန္ဒူပို့စ်သတင်းစာတွင် ဖော်ပြသည်။

ဥပဒေကြမ်း

အများပြည်သူစည်ကားရာတွင် ဆေးလိပ်သောက်သုံးမှုတားမြစ်ရေး ဥပဒေကြမ်းသည် ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်နှင့် ဥပဒေရေးရာအကြီးအကဲ ဘယ်ဆာဂါရက်မီက ပြောကြားသည်။ ***(အင်တာနက်)***



ရီယိုဒီဂျနေးရိုး၌ ပစ်ခတ်မှုဖြစ်ပွား

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၅

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ ဆင်းရဲသားရပ်ကွက်၌ ဖေဖော်ဝါရီ ၁၂ရက်က ပစ်ခတ်မှုဖြစ်ပွားသဖြင့် ခုနစ်ဦးထက်မနည်း သေဆုံးသွားကြောင်း၊ သေဆုံးသူများမှာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများဟုယူဆရကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးသွားကြောင်း သတင်းရရှိသည်။

ပစ်ခတ်

ရီယိုဒီဂျနေးရိုးရှိ ဂျကာရီဇင်နို ဆင်းရဲသားရပ်ကွက်တွင် ရဲတပ်ဖွဲ့ဝင်များကင်းလှည့်နေစဉ် သေနတ်သမားများနှင့် ပစ်ခတ်မှုစတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

လာရောက်

ထိုဆင်းရဲသားရပ်ကွက်သည် ရီယိုဒီဂျနေးရိုးမြို့မြောက်ပိုင်း၌ရှိပြီး ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်သည့်နေရာနှင့် ဝေးကြောင်း၊ ကာနီဗယ်ပွဲတော်ကျင်းပသည့်နေရာနှင့်လည်းဝေးကြောင်း၊ ကာနီဗယ်ပွဲတော်ကို ဖေဖော်ဝါရီ၁၂ရက်က ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းပွဲတော်သို့ နှစ်စဉ်လူ ၅၀၀၀၀၀ခန့် လာရောက်လေ့ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဂါဇာ- အီဂျစ် သံမဏိတံတိုင်း တည်ဆောက်ရေး အခက်အခဲများကြုံတွေ့

ကိုင်ရို ဖေဖော်ဝါရီ ၁၅

အမေရိကန်ပြည်ထောင်စု၏အကူအညီဖြင့် တည်ဆောက်နေသော ဂါဇာ- အီဂျစ်သံမဏိတံတိုင်းဆိုင်ရာ လုပ်ငန်းများသည် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲကြောင့် အချို့နေရာများတွင် ရပ်တန့်သွားရတော့မည့် အခြေအနေသို့ရောက်ရှိနေကြောင်း အီဂျစ်သတင်းစာ အယ်-မာစရီအယ်-ယွန်က ဖေဖော်ဝါရီ ၁၂ရက်၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါနယ်စပ်ဒေသ၏ ဘူမိဗေဒဆိုင်ရာအနေအထားသည် လုပ်ငန်းများကို နှောင့်နှေးစေပြီး ဆောက်လုပ်ရေးအဖွဲ့များ သံမဏိပြားများချထားရာတွင် အဟန့်အတားဖြစ်နေကြောင်းဖြင့် အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ခက်ခဲ

တံတိုင်း၏အချို့နေရာများတွင် မြေကြီးထဲသို့ လေးမီတာကျော်အောင်တူးရန် ခက်ခဲနိုင်ကြောင်း ကျောက်တုံးကြီးများခံနေကြောင်းဖြင့်လည်း အဆိုပါအလုပ်သမားများက ပြောကြားသည်။ (အင်တာနက်)

ဆောင်းရာသီ အိုလံပစ်ပွဲတော်

ကနေဒါနိုင်ငံ ဗန်ကွန်ဗာမြို့၌ ၂၀၁၀ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲ၌ ယဉ်ကျေးမှုအနုပညာပြကွက်များဖြင့် သရုပ်ပြဖျော်ဖြေနေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သမိုင်းဝင်
သတင်းသုတ

ကမ္ဘာတစ်ဝန်းပေါ်ပေါက်ခဲ့သော နယ်မြေအငြင်းပွားမှုများ

စစ်အေးတိုက်ပွဲအပြီးတွင် အချို့ဒေသအထူးသဖြင့် ဥရောပမှ ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံလို အစိတ်စိတ်အမြွှာမြွှာကွဲပြီး သီးခြားနိုင်ငံများ အသီးသီးပေါ်ပေါက်လာမှုမျိုးကဲ့သို့သော နယ်မြေပိုင်နက်အပြောင်းအလဲများမှာ အသာတကြည်လည်းရှိသလို ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းရသည်လည်းရှိသည်။

အငြင်းပွား

နယ်မြေဒေသ အပေါင်းအနုတ်များသည် ဤခေတ် ဤအခါမှမဟုတ် ပထမကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါ ယင်းအနိဋ္ဌာရုံကြီး၏ နောက်ဆက်တွဲပြဿနာများတွင် နယ်မြေအငြင်းပွားမှုသည်လည်း ပြဿနာတစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။

ထိုစဉ်က ပြဿနာအများစုကို စစ်နိုင်မဟာမိတ်ဦးစီးကောင်စီကဲ့သို့သောအဖွဲ့များက ကိုင်တွယ်ဖြေရှင်းပေးသည်ကို တွေ့ရသည်။ ထိုစဉ်က ဖွဲ့စည်းလိုက်သော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် နိုင်ငံပေါင်းချုပ် အသင်းကြီးကိုမူ အချို့ကိစ္စများကိုသာ လွှဲပေးသည်။ ဤသည်မှာလည်း ၁၉၂၀ပြည့်လွန်နှစ်များ၏ ပထမသုံးနှစ်အတွင်းတွင် ပထမကမ္ဘာစစ်ကြီးကြောင့် ဝရုန်းသုန်းကားဖြစ်ခဲ့ရသည့် အခြေအနေကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီးမှာ များစွာစွမ်းဆောင်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ ပါရီငြိမ်းချမ်းရေးစာချုပ်က သတ်မှတ်ပေးသည့် ကိစ္စများကိုသာ စဉ်းစားဆောင်ရွက်ပေးသည်။

ရင်းနှီးစွာဆက်ဆံ

နောက်ပိုင်းနိုင်ငံပေါင်းချုပ်အသင်းကြီး တဖြည်းဖြည်းတိုးတက်လာသည်နှင့်အမျှ ယင်း၏ အခန်းကဏ္ဍများလည်း ကြီးမားကျယ်ပြန့်လာသည်ကို တွေ့ရသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအကြား ဆက်ဆံရေးတွင် ထိုတိုးတက်ပြောင်းလဲမှုကို တွေ့နိုင်သည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ပိုမိုရင်းနှီးစွာဆက်ဆံလာကြသည်ကို တွေ့ရသည်။

တက်ရောက်

၁၉၂၀ပြည့်လွန်နှစ်များ၏ ဒုတိယပိုင်းအတွင်း ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့က နိုင်ငံပေါင်းချုပ် အသင်းကြီးကို ၎င်းတို့၏သံတမန်ရေးလှုပ်ရှားမှုအတွက် ဗဟိုပြုအသုံးချပြီး နိုင်ငံခြားရေးဝန်ကြီးများကိုလည်း ဂျီနီဗာ၌ကျင်းပသော နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အစည်းအဝေးများသို့ စေလွှတ်တက်ရောက်စေခဲ့သည်။

ဆုတ်ခွာသွား

ထိုခေတ်က နယ်မြေဒေသအငြင်းပွားမှုများအနက် ထင်ရှားသည့် ပြဿနာအချို့ကို ဖော်ပြရပါလျှင် ရှေးဦးစွာအယ်လ်ဘေးနီးယားနိုင်ငံ၏ နယ်နိမိတ်ကို ၁၉၁၉ခုနှစ် ပါရီငြိမ်းချမ်းရေး ညီလာခံအတွင်း မသတ်မှတ်ပေးခဲ့သဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီးလက်ထက် ရောက်လာသည်။ သို့သော် ၁၉၂၁ခုနှစ် စက်တင်ဘာလအထိ အဆုံးအဖြတ်မကျသေးပေ။ ဂရိတပ်များက အယ်လ်ဘေးနီးယားတောင်ပိုင်းတွင် စစ်ဆင်ရေးဆင်နွဲကာကျူးကျော်လာသည်။ ထို့ပြင် နိုင်ငံမြောက်ပိုင်း၌ ယူဂိုဆလပ်တပ်များနှင့် ရင်ဆိုင်ရသည့် နိုင်ငံပေါင်းချုပ် အသင်းကြီးက အင်အားကြီးနိုင်ငံအချို့မှ ကိုယ်စားလှယ်များကို စေလွှတ်စုံစမ်းပြီး အယ်လ်ဘေးနီးယားနိုင်ငံ၏ နယ်နိမိတ်ကို အပြောင်းအလဲ အနည်းငယ်ပြုလုပ်ကာ ၁၉၁၃ခုနှစ်ကအတိုင်း သတ်မှတ်ရန် ဆုံးဖြတ်လိုက်သည်။ ယူဂိုဆလားဗီးယားအကြိုက်ဖြစ်သဖြင့် ရက်သတ္တအနည်းငယ်အကြာတွင် ယူဂိုဆလားဗီးယားတပ်များ ဆုတ်ခွာသွားခဲ့ သည်။

ကြေညာ

ဂရိနှင့် အယ်လ်ဘေးနီးယားအကြား လောလောလတ်လတ် ဆုံးဖြတ်လိုက်သည့် နယ်နိမိတ်သတ်မှတ်စဉ် ၁၉၂၃ခုနှစ် ဩဂုတ်လ ၂၄ရက်တွင် အီတလီဗိုလ်ချုပ်ကြီး အင်ရီကိုတဲလီနီနှင့် ၎င်း၏လက်ထောက်လေးဦး ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံးသောအခါ အယ်လ်ဘေးနီးယား နယ်နိမိတ်ပြဿနာမှာ နိုင်ငံတကာပဋိပက္ခတစ်ရပ် ဖြစ်လာရပြန်သည်။ အီတလီခေါင်းဆောင် မူဆိုလီနီက ယင်းကိစ္စကိုငါးရက်အတွင်း အပြီးစုံစမ်းပေးရမည်ဟု တောင်းဆိုသည်။ စုံစမ်းစစ်ဆေးမှုရလဒ် မည်သို့ဖြစ်စေ ဂရိအစိုးရက အီတလီကို စစ်လျော်ကြေးလိုင်ရာသန်း ၅၀ ပေးရမည်ဟုလည်း မူဆိုလီနီက တောင်းဆိုပြန်သည်။ ဂရိအစိုးရကလည်း ထိုပြစ်မှုကို ဂရိများကျူးလွန်ကြောင်း သက်သေထင်ရှားမပြသမျှ စစ်လျော်ကြေးမပေးနိုင်ဟု ကြေညာသည်။ ထိုအခါ မူဆိုလီနီက ဂရိပိုင် ကော်ဖူးကျွန်းသို့ စစ်သင်္ဘောတစ်စင်း စေလွှတ်ကာ ၁၉၂၃ ခုနှစ် ဩဂုတ်လ ၃၁ရက်တွင်သိမ်းပိုက်သည်။

ဆုံးဖြတ်

သို့ဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီးထံ ပြဿနာဖြေရှင်းပေးရန်ရောက်လာသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးက သံအမတ်ကြီးများကောင်စီသို့ လွှဲအပ်ဆုံးဖြတ်စေရာ တရားခံမဖော်ဘဲ ဂရိနိုင်ငံအား လျော်ကြေးပေးရန် ဆုံးဖြတ်လိုက်ခြင်းဖြင့် အီတလီတပ်များလည်း ကော်ဖူးကျွန်းမှအောင်မြင်စွာ ဆုတ်ခွာပေးလိုက်သည်။

ကိုလံဘီယာနှင့် ပီရူးနယ်စပ်တိုက်ပွဲမြင်ကွင်း။

နောက် နယ်မြေအငြင်းပွားမှုတစ်ရပ်မှာ ပထမကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တို့၏ အုပ်ချုပ်မှုအောက်မှ ဂျာမနီလူမျိုးအများစုနေထိုင်ရာ မေမဲ(ယခု ကလိုင်ပဒါ) ဆိပ်ကမ်းမြို့နှင့် အနီးတစ်ဝိုက်နယ်မြေဖြစ်သည်။ ထိုဒေသကို ဗာဆိုင်းစာချုပ် အပိုဒ်(၉၉)အရ လစ်သူယေးနီးယားကို ပေးထားသည်။ သို့သော် ပြင်သစ်နှင့် ပိုလန်အစိုးရတို့က နိုင်ငံတကာမြို့တစ်မြို့အဖြစ်ထားရှိစေလိုသည်။ ၁၉၂၃ခုနှစ်တိုင်အောင် လစ်သူယေးနီးယားသို့မပေးအပ်သဖြင့် ၁၉၂၃ခုနှစ် ဇန်နဝါရီလတွင် လစ်သူယေးနီးယားတပ်များက ထိုဆိပ်ကမ်းများကို ဝင်သိမ်းသည်။ မဟာမိတ်များညှိမရသည့်အဆုံး နိုင်ငံပေါင်းချုပ်အသင်းကြီးထံ ရောက်လာပြန်သည်။ ထိုအခါ ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးသည်။ ကော်မရှင်က မေမဲဆိပ်ကမ်းမြို့ကို လစ်သူယေးနီးယားသို့ ပေးအပ်ရန်ဆုံးဖြတ်တော့သည်။

နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ အမြဲတမ်းတရားရုံးတည်ရှိရာ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်။

ငြင်းပယ်

တစ်ဖန် ၁၉၂၆ခုနှစ်တွင် အီရတ်ဘုရင့်နိုင်ငံနှင့် တူရကီသမ္မတနိုင်ငံတို့က အော်တိုမန် ပြည်နယ်ဟောင်း မိုဆူးလ်အုပ်ချုပ်ရေးကို အငြင်းပွားမှုဖြစ်သည်။ နိုင်ငံပေါင်းချုပ် အသင်းကြီးက ဘယ်လ်ဂျီယံ၊ ဟန်ဂေရီနှင့် ဆွစ်ဇာလန် ကိုယ်စားလှယ်များပါသည့် စုံစမ်းရေးကော်မရှင်ကို စေလွှတ်သည်။ ကော်မရှင်က မိုဆူးလ်နယ်ကို အီရတ်သို့ပေးရန် ထောက်ခံတင်ပြသဖြင့် တူရကီကလက်မခံဘဲ ငြင်းပယ်သည်။ အမှုမှာ နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ အမြဲတမ်းတရားရုံးသို့ ရောက်ရှိသွားသည်။

အုပ်ချုပ်ခွင့်ရရှိ

ပထမကမ္ဘာစစ်ကြီးအပြီးတွင် ပိုလန်နှင့် လစ်သူယေးနီးယားနှစ်နိုင်ငံစလုံး လွတ်လပ်ရေးပြန်ရပြီး နှစ်နိုင်ငံနယ်စပ် အငြင်းပွားမှုဖြစ်ပြန်သည်။ ပိုလန်-ဆိုဗီယက်စစ်ပွဲအတွင်း လစ်သူယေးနီးယားက ဆိုဗီယက်ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်သည်။ စာချုပ်တွင် လစ်သူယေးနီးယားနယ်နိမိတ်များကို သတ်မှတ်ဖော်ပြထားသည်။ စာချုပ်အရ ဗီးလ်နီးယပ်မြို့ကို လစ်သူယေးနီးယားအုပ်ချုပ်ခွင့်ရရှိသည်။ သို့ဖြင့် လစ်သူယေးနီးယားနှင့် ပိုလန်တို့ အငြင်းပွားစစ်ပြင်ဆင်လာပြန်သည်။ ထိုမြို့တွင် ပိုလန်လူမျိုးများ အများစုနေထိုင်သည်။ မြို့နှင့်အနီးတစ်ဝိုက်ကို ၁၉၂၂ခုနှစ် မတ်လတွင် ပိုလန်ကသိမ်းသည်။ ၁၉၂၃ခုနှစ် မတ်လ ၁၄ရက် မဟာမိတ်များညီလာခံက လစ်သူယေးနီးယားနှင့် ပိုလန်နယ်နိမိတ် သတ်မှတ်ပေးသောအခါ ထိုမြို့မှာ ပိုလန်ပိုင်နက်အတွင်း ရောက်ရှိခဲ့သည်။

စာချုပ်ချုပ်ဆို

၂၀ရာစုစောစောပိုင်းတွင် ကိုလံဘီယာနှင့် ပီရူးနိုင်ငံတို့ နယ်နိမိတ်ပဋိပက္ခများ သုံးလေးကြိမ်ကြုံသည်။ ၁၉၂၂ခုနှစ်တွင် ဆော်လမွန်လိုဇာနိုစာချုပ်ကို နှစ်နိုင်ငံအစိုးရတို့ ချုပ်ဆိုသည်။ ထိုစာချုပ်အရ နယ်စပ်မြို့ လက်တီးရှားကို ပီရူးက ကိုလံဘီယာသို့ ပေးအပ်လိုက်သည်။ ၁၉၃၀ပြည့်နှစ်တွင် ပီရူးစစ်တပ်က လက်တီးရှားကို သိမ်းရာမှ စစ်ဖြစ်သည်။ ၁၉၃၃ခုနှစ် မေလတွင် ယာယီငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုသည်။ ၁၉၃၄ခုနှစ် မေလတွင် အပြီးသတ် ငြိမ်းချမ်းရေးစာချုပ်ချုပ်သောအခါ လက်တီးရှားကို ကိုလံဘီယာသို့ ပြန်ပေးလိုက်သည်။

ဖော်ပြပါနယ်မြေအငြင်းပွားမှုများသည် ထိုခေတ် ထိုအခါက အထင်ရှားဆုံးများအနက် အချို့ဖြစ်သည်။ ခေတ်နှင့် စနစ်ပြောင်းလဲသည်နှင့်အမျှ နယ်မြေအငြင်းပွားမှု၊ နယ်မြေခွဲထွက်နိုင်ငံထူထောင်မှု၊ နယ်မြေပေါင်းစု နိုင်ငံထူထောင်မှုများသည် ခေတ်အဆက်ဆက်ရှိနေခဲ့သော်လည်း ဂလိုဘယ်လိုက်ဇေးရှင်းခေါ် တစ်ကမ္ဘာလုံးလွှမ်းခြုံစုစည်းမှုခေတ်တွင် မည်သို့သောသဏ္ဌာန်ဖြင့်ပေါ်ပေါက်လာမည်ကိုမူ စောင့်ကြည့်ရန်သာရှိပါသည်။ ။

ကိုးကား - အင်တာနက်

တိုး ရေးသားသည်

> **နယ်မြေဒေသ အပေါင်းအနုတ်များသည် ဤခေတ် ဤအခါမှမဟုတ် ပထမကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါ ယင်းအနိဋ္ဌာရုံကြီး၏ နောက်ဆက်တွဲပြဿနာများတွင် နယ်မြေအငြင်းပွားမှုသည်လည်း ပြဿနာတစ်ရပ်အဖြစ် ပါဝင်ခဲ့။**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ယီမင်၌ ရဟတ်ယာဉ်ပျက်ကျ၊ ၁၃ ဦးသေဆုံး

ယီမင်နိုင်ငံမြောက်ပိုင်း ဆာနာပြည်နယ်၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၃ ဦးအထိရှိသွားပြီဖြစ်ကြောင်း နိုင်ငံပိုင် ဆာဘာသတင်းဌာနက ဖေဖော်ဝါရီ ၁၄ရက်တွင်ဖော်ပြသည်။ ထိုရဟတ်ယာဉ်သည် ပျံတက်ပြီး ချက်ချင်းပင် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

ရုရှားနိုင်ငံခြားရေးဝန်ကြီး ရုရှားဘာသာစာအုပ်များလှူဒါန်း

နီကာရာဂွာသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့က မာနာဂွာအခြေစိုက် ဗဟိုအမေရိကတက္ကသိုလ်သို့ ရုရှားဘာသာဖြင့်ထုတ်ဝေသော ကျောင်းသုံးစာအုပ်အချို့ကို ဖေဖော်ဝါရီ ၁၄ ရက်ကလှူဒါန်းကြောင်း သတင်းရရှိသည်။

ကားနှစ်စီးခေါင်းချင်းဆိုင်တိုက်မိ၊ ၁၂ ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဂါယန်ပြည်နယ်၌ ကုန်တင်ကားတစ်စီးနှင့် ခရီးသည်တင်ဂျစ်ကားတစ်စီးတို့ ဖေဖော်ဝါရီ ၁၅ ရက်က ခေါင်းချင်းဆိုင်တိုက်မိရာမှ ၁၂ ဦးထက်မနည်းသေဆုံးသွားရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။ လူအများအပြား ဒဏ်ရာရရှိသွားသည်ဟုလည်းသိရသည်။

အာဖဂန်၌ ဗုံးပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားကြောင်း နေတိုးအဖွဲ့ကထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြသည်။

ဖိလစ်ပိုင်၌ ပစ်ခတ်မှုဖြစ်ပွား၊ မိန်းကလေးတစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်ဝဲသူပုန်များအကြား ဖေဖော်ဝါရီ ၁၄ ရက်က ပစ်ခတ်မှုဖြစ်ပွားရာမှ ၁၃ နှစ်အရွယ်မိန်းကလေးတစ်ဦးသေဆုံးသွားရကြောင်း စစ်ဘက်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်ကလေးများ ဝက်သက်ရောဂါကာကွယ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ဝက်သက်ရောဂါကာကွယ်ရေး ရက်သတ္တနှစ်ပတ်ကြာလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၈ ရက်အထိ ပြုလုပ်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကလေးငယ်သန်း ၂၀ ကျော်တို့ ဝက်သက်ရောဂါကာကွယ်ဆေးထိုးကြရမည်ဖြစ်သည်ဟု ထိပ်တန်းသတင်းစာ ဒေးလီးစတား၌ ဖေဖော်ဝါရီ ၁၄ ရက်က ဖော်ပြသည်။

အသေခံဗုံးဖောက်ခွဲရာမှ ဆိုမာလီဝန်ကြီးကွယ်လွန်

ဆိုမာလီအားကစားဝန်ကြီး ဆာလီဘင်အိုလက်ရိုဘယ်သည် ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ကျင်းပသည့် ဆေးဘက်ဆိုင်ရာဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်စဉ် အသေခံဗုံးဖောက်ခွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးနောက် သီတင်းပတ်အတန်ကြာ ဖေဖော်ဝါရီ ၁၂ရက်တွင် ဆော်ဒီအာရေဗျမြို့တော် ရီလက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း အဆိုပါဝန်ကြီး၏ ဆွေမျိုးများက ဖေဖော်ဝါရီ ၁၃ ရက်၌ ပြောကြားသည်။

နေတိုးဒုံးကျည်ကြောင့် အရပ်သား ၁၂ ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့က ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် အရပ်သား ၁၂ ဦး သေဆုံးသွားရကြောင်း သတင်းရရှိသည်။ သေဆုံးသူများနှင့်ပတ်သက်၍ မိမိတို့တွင် တာဝန်ရှိကြောင်း နေတိုးအဖွဲ့ကပြောကြားသည်။

ချီကာဂို၌ မီးလောင်မှု ခုနစ်ဦးထက်မနည်းသေဆုံး

ချီကာဂိုမြို့ တိုက်ခန်းအဆောက်အအုံတစ်ခုတွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်စောစောပိုင်းက မီးလောင်မှုဖြစ်ပွားပြီး ခုနစ်ဦးထက်မနည်းသေဆုံးသွားကြောင်း၊ နီးစပ်ရာအဆောက်အအုံများသို့ ကူးစက်သွားပြီး မီးလောင်ရခြင်းအကြောင်းရင်းကို မသိရသေးချေ။ **(အင်တာနက်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ
စက်သုံးဆီအရောင်းဆိုင်များ ပုဂ္ဂလိကလွှဲပြောင်းမှု စနစ်တကျရှိရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်သုံးဆီအရောင်းဆိုင်များကို ပုဂ္ဂလိကများသို့ လွှဲပြောင်းရာတွင် စနစ်တကျရှိရေးနှင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား တိတိကျကျလိုက်နာသွားကြရန်စသည်ဖြင့် ဆွေးနွေး မှာကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း ရောင်းဝယ်ရေးအရာရှိများ၊ တိုင်းအတွင်းရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင်များမှ ဆိုင်မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ CNG အထွေထွေမန်နေဂျာနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များမှ ဆိုင်တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံ ANNAI BIO-CROP(P) Ltd. မှ Mr. I. Michael Raj ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံပြီး အစားထိုးဇီဝလောင်စာဆီ ထုတ်လုပ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး နည်းပြသင်တန်းဖွင့်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNI- CEF) တို့ ပူးပေါင်းဖွင့်လှစ်သော အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF) တို့ ပူးပေါင်းဖွင့်လှစ်သော အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ UNICEF, UNDP, ILO; World Vision (Myanmar) နှင့် Save the Children (Myanmar) တို့မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကား

ယင်းနောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ သင်တန်းသား သင်တန်းသူ အရာရှိ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

စာဆိုတော်နေ့ အထိမ်းအမှတ် တောင်ငူတွင် စာပေဟောပြောပွဲကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၅

၁၃၇၁ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမဆောင်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဟောပြောပွဲတွင် စာရေးဆရာ၊ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ ဆရာမ မစန္ဒာနှင့်မြတ်ခိုင် **(အောက်ပုံ)**တို့က စာပေရေးရာများနှင့် မကြာမီကျင်းပမည့် တောင်ငူကေတုမတီမြို့တည် နန်းတည်နှစ်(၅၀၀)ပြည့် တောင်ငူခေတ် သမိုင်းကြောင်းများ၊ သတင်းမီဒီယာများနှင့် ပတ်သက်သည်များကို ရှင်းလင်းဟောပြောကြပြီး ဟောပြောပွဲအပြီးတွင် စာရေး ဆရာများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တောင်ငူမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်အောင်က ပေးအပ်ချီးမြှင့်သည်။ (၀၄၇)

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လျှပ်တစ်ပြက်
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	အင်္ဂလိပ်စာသုတ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေး တေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၁)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရှက်ဦးအချစ်** (အပိုင်း-၃၂)

အမက(၇) တာမွေ၏ ၂၀၀၉-၂၀၁၀ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်ကကျင်းပရာ ပထမတန်း ဘာသာစုံဂုဏ်ထူးရရှိသည့် မနှင်းအိန္ဒြာအား တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ယခုအပတ်ထုတ်ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၇၀၅ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ သဃ်န်းကျွန်းဈေးကြီး မီးလောင်ရာ ဆိုင်ခန်းပေါင်း ဖ၅၀ကျော်ဆုံးရှုံး၊ ပန်းဆိုးတန်းလမ်းတွင် မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံး၊ လမ်းဘေးအခွေအရောင်းဆိုင်များအတွက် ဈေးသက်သာသည့် တရားဝင်တေးစီးရီးခွေများ စီစဉ်နေ၊ ပြည်တွင်းရေကြောင်း သင်္ဘောများတွင် ရေဒါစနစ် ဆက်လက်တပ်ဆင်မည်၊ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသို့ ပြင်ဦးလွင်မှ နေ့ချင်းပြန် သွားရောက်လေ့လာနိုင်၊ အကယ်ဒမီပွဲ၏ အတွေးပုံရိပ်များ၊ နေပြည်တော်၌ အခန်းပေါင်း ၂၀၀ပါဝင်၍ ခြောက်ထပ်မြင့်မည့် ကြယ်လေးပွင့်အဆင့် ဟိုတယ်ကြီးတည်ဆောက်နေ၊ Miss Tourism ရွေးချယ်ပွဲ ကျင်းပပြီးစီး၊ ရန်ကုန်မြို့တွင် ဆုငွေကျပ်သိန်း ၈၀ကျော်ချီးမြှင့်မည့် မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်၊ ရှေ့လတွင် မြန်မာ-ဗီယက်နမ်တိုက်ရိုက်လေကြောင်း စတင်ပျံသန်းမည်၊ မြို့နယ်လေးခု၌ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားနေ၍ ရောဂါပိုးတွေ့သူ ၄၀ခန့်ရှိ၊ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းများကို တစ်နေ့တည်းလည်ပတ်နိုင်ပြီ၊ AFC Challenge Cup ပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်စွဲပါက ကျပ်သိန်း ၁၀၀၀ချီးမြှင့်မည်၊ မြန်မာနိုင်ငံ၌ နှစ်နှစ်ခန့် ရောဂါကင်းစင်နေပြီးနောက် ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားနေ၊ MRTV-3ကို ပြောင်းလဲဆန်းသစ်၍ Myanmar International ရုပ်သံလိုင်း အဖြစ် ထုတ်လွှင့်ရာတွင် ပြည်ပမှ သတင်းတင်ဆက်သူများ ပါဝင်ဆောင်ရွက်မည်၊ ချူကလီးယားပိုင်သည့် နိုင်ငံဖြစ်ပြီဟု အီရန်သမ္မတကြေညာ၊ စီးကရက်စွဲနေသည့်မြွေ၊ Apple မှ ထုတ်လုပ်သော နောက်ဆုံးပေါ် iPad သည် မူပိုင်ခွင့်ချိုးဖောက်ခဲ့ကြောင်း တရုတ်ကြေညာ၊ တစ်ခါအိပ်လျှင် သီတင်းနှစ်ပတ်ကြာသည့် မိန်းကလေး၊ အဆတစ်ရာပိုမြန်သော မဟာမြန်နှုန်းမြင့် အင်တာနက်စနစ်ကို ထုတ်လုပ်သွားမည်၊ ခေါင်းလျှော်ရည်သုံးပြီးနောက် မိန်းကလေးတစ်ဦး ဆံပင်များ အဆုပ်လိုက်ကျွတ်ထွက်….စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေနွေးတည်ရာမှ မီးလောင်မှု ကန့်ဘလူ၌ ဖြစ်ပွား

ကန့်ဘလူ ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၃ရက် ညနေ ၃နာရီ ၄၅မိနစ်က စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဦးခင်ပို(ဘ)ဦးဖိုးသန်၏ နေအိမ်၌ ရေနွေးတည်ထားရာမှ မီးစတင်လောင်ကျွမ်းရာ စက်ဘီး သုံးစီး၊ နွားလှည်း သုံးစီး၊ စပါး ၁၂၅တင်းနှင့် မီးဖိုချောင်ပါ သုံးခန်း×နှစ်ခန်း သွပ်မိုးကပ်ကာနှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။ ကန့်ဘလူ မီးသတ်စခန်းမှ မီးသတ်ကားများနှင့် ပြည်သူများ အချိန်မီငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားကူးစက်မှုမရှိဘဲ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (၀၂၇)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး၌
ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၀)အစည်းအဝေးကို ယနေ့ ညနေ ၃နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းမွှာရုံ၌ကျင်းပရာ သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ က အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၂/၂၀၀၉) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၉) အစည်းအဝေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၀)အစည်းအဝေးတင်ပြချက်များနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ သဘာပတိ ဆရာတော်က နိဂုံးချုပ် သြဝါဒကထာ မြွက်ကြားတော်မူသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ **ပြင်ဦးလွင် ပန်းမြို့တော်ဆီသို့**
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ **တက္ကစီမီတာသင်လိုရာ**
- ၈း၅၅ ၁၁။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄း၁၅ ၃။ အရေးပြိုင်ပွဲ
- ၄း၂၀ ၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၄း၃၀ ၅။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၅၅ ၇။ တေးဂီတအစီအစဉ်
- ၅း၁၀ ၈။ **ရှင်သန်ခြင်း**
- ၅း၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅း၄၅ ၁၀။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
- ၆း၃၀ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃၅)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)
- ၁၈။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (စစ်ကိုင်းတိုင်း)
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂၆)
- ၂၂။ **ရုပ်ရှင်ပဟေဠိ**
- ၂၃။ အစီအစဉ်ပြီး၏။

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက် ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာအထူးအယူခံမှု သုံးမှုနှင့် ယင်းဥပဒေပုဒ်မ ၈ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု တစ်မှု စုစုပေါင်း လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ်အစည်းအဝေး
ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပ၊ နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Phaitoon Kaeothong ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

တရားဝင်ဖြစ်ရန်

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Phaitoon Kaeothong တို့က ဦးဆောင်၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ရေး၊ တရားဝင်ဖြစ်လာစေရေးနှင့် မြန်မာအလုပ်သမားသစ်များအား ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန်ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေး သဘောတူညီချက် မှတ်တမ်းလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ဧည့်သည်တော် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဖေဖော်ဝါရီ ၁၂ရက်တွင် ပုဂံမြို့ရှိ နန်းမြင့်မျှော်စင်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သွားရောက်လေ့လာ

ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့၌ အာနန္ဒာ၊ ရွှေစည်းခုံနှင့် ဖူးဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယွန်းပညာကောလိပ်သို့လည်း သွားရောက်လေ့လာကြသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၁၄ရက်ညတွင် ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပါဝင်ကြ

ထိုင်းကိုယ်စားလှယ်အဖွဲ့တွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြကြောင်း သိရသည်။

ထွက်ခွာ

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်

၁၅-၂-၂၀၁၀

လွိုင်လင်မြို့
၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၄ ဒီဂရီစင်တီဂရိတ်

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး



မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ ပခုက္ကူမြို့ မြကန်သာပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသက်ပိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

* ရှေ့ဖုံးမှ

ကျွန်းပင်များ

ကားလေးသည် အရှိန်ဖြင့် ဆက်လက်ပြေးနေသည်။ လမ်းမှာ ကားနှစ်စီး ကောင်းစွာရှောင်နိုင်လောက်အောင် ကျယ်ဝန်းသော ကတ္တရာလမ်းဖြစ်သည်။ လမ်းဘေးဝဲယာတစ်လျှောက် ကျွန်းပင်ပေါက်များ စီတန်းလျက် စိုက်ပျိုးထားသဖြင့် တစ်မျိုးတစ်ဖုံ လှပနေသည်။ ရာသီဥတုမှာလည်း မိုးလေကင်းလွတ်လာပြီဖြစ်၍ သာသောင့်သာဖွယ်ရှိလှသည်။

ပေါက်ခေါင်းမြို့အဝင် ဆိုင်းဘုတ်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပေါင်းတလည်

မကြာမီ ပေါင်းတလည်သို့ရောက်သည်။ ပေါင်းတလည်တွင် မြို့ပြဆန်သော တိုက်တာများ၊ စားသောက်ဆိုင်များ၊ မော်တော်ယာဉ်လိုင်းကားများနှင့်

ဝါစိုက်ခင်းများ

ပေါင်းတလည်၏ တိုးတက်ပြောင်းလဲလာသော မြင်ကွင်းသစ်များဆီသို့ မပြတ်တမ်း မျက်စိပသာဒအာရုံကို စေစားထားရာမှ များမကြာမီ မြင်ကွင်းသစ်များ ပြောင်းလဲသွားသည်။ ဤမြင်ကွင်းများသည်ကား ကြံစိုက်ခင်းများ၊ စပါးခင်းများ၊ ပြီးတော့ ငွေချည် (ဖ)ဝါ စိုက်ခင်းများပင်ဖြစ်သည်။ ထိုမြင်ကွင်းများ လွန်မြောက်သော် ပေါက်ခေါင်းမြို့ဝင်ဆိုင်းဘုတ်ကို တွေ့ရပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဝင်ရောက်ခဲ့ရာမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော် (ယခု တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)နှင့် တွေ့ဆုံခွင့်ရခဲ့သည်။

ကြံစိုက်ပျိုးမှုအများဆုံး

ပေါက်ခေါင်းမြို့နယ်၏ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှုအများဆုံး မြို့နယ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကြံစိုက်ရာသီတွင် ကြံစိုက်ဧက ၁၄၄၇၁ဧက စိုက်နိုင်ခဲ့သဖြင့် ၂၀၀၉ ခုနှစ်အတွက် FAO ၏ ဆုချီးမြှင့်ခံရသော မြို့နယ်ဖြစ်ကြောင်း၊ လာမည့် ကြံစိုက်ရာသီတွင်လည်း စိုက်ဧကများ တိုးချဲ့သွားမည်ဖြစ်။

ပေါက်ခေါင်းမြို့ အင်ငါးဂွကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော ကြံစိုက်ခင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဆိုင်ကယ်စီးသူများနှင့် စည်ကားနေသည်။ ကျေးလက် လယ်ယာထွက်ကုန်များအပေါ် အခြေခံလျက် ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်ကာ ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်လာခြင်းကို ပြသနေခြင်းပင်ဖြစ်သည်။

စိုက်ပျိုးရေး

ဦးထွန်းကျော်ကျော်က ပေါက်ခေါင်းမြို့ စိုက်ပျိုးရေး တိုးတက်အောင်မြင်နေမှု၊ အော်တိုအိတ်ချိန်းဖုန်းများ တပ်ဆင်အသုံးပြုနေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းပြသည်။ ပေါက်ခေါင်းမြို့နယ်သည် နှမ်းစပါး၊ မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်သော မြို့ဖြစ်သည်။ ယခုနှစ်တွင် မိုးစပါး ၇၀၄၈၂ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါး ဧက ၁၅၁၁၀ စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။ နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်သဖြင့် ပေါက်ခေါင်းမြို့နယ်သည် ပြည်သူများ၏ ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် အမြဲမပြတ် စိမ်းလန်းသာယာလျက်ရှိသော ဒေသတစ်ခုပင် ဖြစ်နေတော့မည်။

ကြံစိုက်ပျိုးမှုအများဆုံး

ပေါက်ခေါင်းမြို့နယ်၏ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှုအများဆုံး မြို့နယ်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ကြံစိုက်ရာသီတွင် ကြံစိုက်ဧက ၁၄၄၇၁ဧက စိုက်နိုင်ခဲ့သဖြင့် ၂၀၀၉ခုနှစ်အတွက် FAO ၏ ဆုချီးမြှင့်ခံရသော မြို့နယ်ဖြစ်ကြောင်း၊ လာမည့်ကြံစိုက်ရာသီတွင်လည်း စိုက်ဧကများ တိုးချဲ့သွားမည်ဖြစ်ကြောင်း မြို့နယ်ဥက္ကဋ္ဌ၏ ပြောပြချက်အရ သိရသည်။

စိုက်ပျိုးထုတ်လုပ်

ယင်းမြို့နယ်တွင် သကြားစက်ရုံကြီး နှစ်ရုံရှိပြီး ပြည်မြို့နယ်ရှိ သကြားစက်အတွက်လည်း လိုအပ်သည့် ကြံကုန်ကြမ်းကို ပေါက်ခေါင်းမြို့နယ်မှ စိုက်ပျိုး ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အော်တိုအိတ်ချိန်း

ပေါက်ခေါင်းမြို့နေ ပြည်သူများသည် ၁၉၆၈ခုနှစ်မှစပြီး လက်လှည့်အိတ်ချိန်းဖုန်းများကို သုံးစွဲနေရာမှ နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းဖုန်းများလည်း

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး စိုက်ခင်းများ…။ (မြန်မာ့အလင်း)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး…
မင်္ဂလာမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှု…

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်… လိုက်ပါလျက် ဇန်နဝါရီ ၁၉ရက် နံနက် ၁၁နာရီခွဲက မင်္ဂလာမြောင်းအား ရေစီးရေ… သန့်ရှင်းရေးဌာနမှ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်နေမှုကို သွားရောက်…

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အား၊ စက်ယန္တရား အင်အားဖြင့် ၈၂လမ်းမှ ၈၄လမ်းအတွင်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ သန့်ရှင်းရေးဌာန ဌာနမှူးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က မန္တလေး မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တော်ဇရိယာအတွင်း အဓိကစီးဆင်းသော ရွှေတချောင်းမြောင်း၊ ကိုလံဘိုမြောင်း၊ တက်မျောချောင်း၊ ပရန်တော်ချောင်းနှင့် ငွေတချောင်းမြောင်းတို့ကို စဉ်ဆက်မပြတ် လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ဆယ်ယူလျက်ရှိကြောင်း၊ မင်္ဂလာမြောင်း ဝဲ၊ ယာ ဇရိယာတွင် ၇၈ လမ်းမှ ၈၆လမ်းအထိ လူနေအိမ်များ ပိတ်ဆို့ဆောက်ထားသဖြင့် မြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့တော်ဇရိယာအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေဆိုးရေပုပ်များကြောင့် ခြင်များ မပေါက်ပွားနိုင်ရေး၊ မြို့နေပြည်သူများ ကျန်းမာရေးကောင်းမွန်ရန်အတွက် မြို့တော်အတွင်း အဓိကဖြတ်သွားသော ရေမြောင်းများ အပါအဝင် ရေနုတ်မြောင်းအားလုံး ရေစီး…

○ ကျောဖုံးမှ

စဉ်ဆက်မပြတ်

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှုခက်ခဲသော နေရာဒေသများတွင် လမ်း၊ တံတားများကို စဉ်ဆက်မပြတ် တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာတွင် နန်းကွေ့ချောင်းတံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နန်းကွေ့ချောင်းတံတားသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား-နမ္မတီး(တနိုင်း)လမ်း၌ တည်ရှိပြီး အဆိုပါတံတားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ၂၆၂ပေ၊ အကျယ် ၂၄ပေရှိပြီး ခန်းဖွင့်လေးခန်းပါ သံကူကွန်ကရစ်တံတားဖြစ်သော နန်းကွေ့ချောင်းတံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ရှိသည်။

အထောက်အကူပြု

နန်းကွေ့ချောင်းတံတားကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် သွေးချင်းတို့ဌာနေ ကချင်ပြည်နယ်အတွင်း၌ လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့မှုသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုလျက်ရှိပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် သာယာနေသည်။

ဖေဖော်ဝါရီ ၁၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။



ပေါက်ခေါင်းမြို့ အော်တိုအိတ်ချိန်းရုံး

ပေါက်ခေါင်းမြို့ အော်တိုအိတ်ချိန်းရုံးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အော်တိုအိတ်ချိန်း

...ား စက်ရုံ ...သကြား ...သည့် ကြံ ...မြို့နယ်မှ ...ရှိကြောင်း

ပေါက်ခေါင်းမြို့နေ ပြည်သူများသည် ၁၉၆၈ခုနှစ်မှစပြီး လက်လှည့်အိတ်ချိန်းဖုန်းများကို သုံးစွဲနေရာမှ နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းဖုန်းများလည်း တပ်ဆင်အသုံးပြုနိုင်ပြီ ဖြစ်သည်။ ယင်းဒီဂျစ်တယ် အိတ်ချိန်းဖုန်းရုံးကို ပေါက်ခေါင်း-ပြည်လမ်းမကြီးပေါ်ရှိ မြို့လယ်၌ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၂၀၀၉ခုနှစ် စက်တင်ဘာ ၄ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လိုင်းတပ်ဆင်အင်အား ၆၀၀ရှိပြီး လိုင်း ၄၅၀ တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပေါက်ခေါင်းမြို့သည် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်း ဆက်သွယ်မှုများအပါအဝင် ကဏ္ဍစုံ၌ တိုးတက်ပြောင်းလဲလာနေပြီဖြစ်သော မြို့တစ်မြို့ဖြစ်ပါကြောင်း သတင်းခရီး၊ သတင်းမြင်ကွင်းများအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ပခုက္ကူမြို့ (၂)ရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဖေဖော်ဝါရီ ၁၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ အမှတ်(၂)ရပ်ကွက် မေ့စေတီလမ်းနှင့် ရွှေမြင်တင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက အဆိုပါမှစ်ဦးရှေ့၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၄၉၉၄၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းလမ်းအရှည် ပေ ၁၇၅၀နှင့် အကျယ် ၁၂ပေရှိကြောင်း သိရသည်။

(၀၇၀)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများ ပြန်လည်သုံးသပ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကျန်းမာရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေးဆပ်ကော်မတီ၊ နေရာချထားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲ တည်ခင်းဧည့်ခံရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူတို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အမှာစကား

ယင်းနောက် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

...စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ...ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၁၅

...ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ ...၉ရက် နံနက် ၁၁နာရီခွဲက မင်္ဂလာမြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် ...အား၊ စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

...န်နှင့်အဖွဲ့ ...စီးရေလာ ...အင်အား၊ ...၂လမ်းမှ ...ရွက်နေမှု ...စ်ဆေးရာ ...လုပ်ငန်း ...က်သက်၍

...တော်ဝန်က ...စီးရေလာ ...မြို့တော် ...င်းသော ...ဲ့မြောင်း၊

တက်မျောချောင်း၊ ပရန်တော်ချောင်းနှင့် ငွေတချောင်းမြောင်းတို့ကို စဉ်ဆက်မပြတ် လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ဆယ်ယူလျက်ရှိကြောင်း၊ မင်္ဂလာမြောင်း ဝဲ၊ ယာ ဧရိယာတွင် ၇၈လမ်းမှ ၈၆လမ်းအထိ လူနေအိမ်များ ပိတ်ဆို့ဆောက်ထားသဖြင့် မြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့တော်ဧရိယာအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေဆိုးရေပုပ်များကြောင့် ခြင်များ မပေါက်ပွားနိုင်ရေး၊ မြို့နေပြည်သူများ ကျန်းမာရေးကောင်းမွန်ရန်အတွက် မြို့တော်အတွင်း အဓိကဖြတ်သွားသော ရေမြောင်းများ အပါအဝင် ရေနုတ်မြောင်းအားလုံး ရေစီးရေလာကောင်းမွန်ရေးအတွက် ရာသီမရွေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော လူနေအိမ်များ၊ အဖီအဆွယ်များ၊ ကျူးကျော်ဆိုင်များ ရှင်းလင်းဖယ်ရှားနိုင်ရေး၊ မိမိတို့မြို့နယ်အလိုက် သန့်ရှင်းရေးဌာန၊ အခွန်ဌာန၊ မြို့တော်စည်ပင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာမြောင်းအား ၇၈လမ်းမှ ၈၁လမ်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၁၃)

...ခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ...း ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်

...အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ...ဥက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် ...သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ...လှိုင်းအနည်းငယ်သာရှိမည်။ ...န်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာ

...ဝိုက်တွင် ယနေ့ သာယာမည်။ ...်တွင် ယနေ့ သာယာမည်။ ...က်တွင် ယနေ့ သာယာမည်။

တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၂၆)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် စက်မှုမွှေဘာရုံ၌ကျင်းပရာ အသင်းနာယက အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ပြီး ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အသင်းနာယက ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ အသင်းရန်ပုံငွေအဖြစ် အလှူရှင် ၁၂ဦးတို့က ငွေကျပ် ၄၈သိန်းကို ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား အသင်းနာယက၊ အလုပ်အမှုဆောင်များနှင့် အလှူရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြား အတည်ပြုခြင်း၊ အလုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြန်လည်နွေးထွေးလာသင့်သည့် ဆရာဝန်နှင့် လူနာကြားဆက်ဆံရေး သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၆)ကို ယနေ့ဖြန့်ချိလိုက်သည်။

ကိုကိုးကျွန်းအနီးမှာ ရပ်ထားသော ကြယ်ငါးပွင့်သင်္ဘောကို ကုန်စည်တင်ရေယာဉ်မှ ဝင်တိုက်မိကာ နစ်မြုပ်သွားခဲ့၊ ချင်းတွင်းမြစ်အတွင်း၌ ရွှေကျင်မှုများကြောင့် ငါးများ ပြဒါးအဆိပ်သင့်မှု အကျိုးဆက်ကို ငါးလုပ်ငန်းအဖွဲ့ချုပ်က လေ့လာစုံစမ်းစစ်ဆေးနေ၊ ဆိုမာလီယာပင်လယ်ဓားပြများလက်မှ မြန်မာသင်္ဘောသားနှစ်ဦး ပါဝင်သော ကုန်တင်သင်္ဘော ပြန်လည်လွတ်မြောက်၊ သဃ်န်းကျွန်းဈေးဟောင်း မီးလောင်မှုဖြစ်ပွား၊ တေးရေးဆရာတစ်ဦး၏ နာမည်ကြီးတေးသီချင်းသံစဉ်ကို ထိုင်းဆိုင်တစ်ခုမှ တရားမဝင် သုံးစွဲခဲ့၍ ပြန်လည်တောင်းပန်ပြီး လျော်ကြေးပေးခဲ့ရ၊ ပုသိမ်-ရန်ကုန် ခရီးသည် တင်ယာဉ်ချောက်ထဲထိုးကျ၍ ခရီးသည် ၁၁ဦး ဒဏ်ရာရရှိပြီး သုံးဦးသေဆုံး၊ အင်တာနက်ဆိုင်များ၏ လိုင်စင်ကြေးများကို လျှော့ပေါ့ပေး၊ ပြည်ပသို့ငါးရှဉ့်တင်ပို့မှု အကောင်းဆုံးအနေအထားမှာ ရပ်တည်နေ၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ပြောကြား၊ MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြောင်းလဲစမ်းသစ်၍ Myanmar International ရုပ်သံလိုင်းအမည်ဖြင့် ထုတ်လွှင့်တင်ဆက်ပေးသွားမည်၊ ငါးမြစ်ချင်းတင်ပို့မှုကို ၂၅ရာခိုင်နှုန်း တိုးမြှင့်တင်ပို့သွားမည်ဖြစ်၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သုံးစွဲမှုများခြင်းကြောင့် ဈေးကွက်အတွင်း ဘိလပ်မြေဝယ်လိုအားမြင့်တက်၊ Care Myanmar နှင့် YCDC တို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးအန္တရာယ် ကာကွယ်မှုများပြုလုပ်ပေးနေ၊ ပဲခူးမြို့ပေါ် ရပ်ကွက်များသို့ ကြိုးဖုန်းအသစ်များ ထပ်မံတပ်ဆင်မည်၊ ဒလနှင့် ရန်ကုန်သို့ပြေးဆွဲရန် ကျန်စစ်သားရေယာဉ်နှင့် ထီးလှိုင်ရှင်ရေယာဉ်များ ဖေဖော်ဝါရီလလယ်တွင် ပြန်လည်ပြေးဆွဲမည်၊ လမ်းဘေးတွင်ရောင်းချသော အသားကင်များတွင် ရောဂါပိုးပါဝင်သည်ဆိုခြင်းမှာ ရောင်းချသည့်ဆိုင် မသန့်ရှင်းသည့် အပြင်အဆင်ကြောင့်သာဖြစ်၊ အင်းလေးဒေသတွင်ရှိသော ငါးများ အကြောင်းမဲ့သေဆုံးရခြင်းနှင့်ပတ်သက်၍ သုတေသနပြုလုပ်၊ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၂၂ဦးကို ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းအပ်နှံ၊ ကယ်လီဖိုးနီးယားကမ်းခြေတွင် တိုက်ချင်းပစ် ဒုံးပျံတစ်စင်းအား ကြယ်တာရာစစ်ပွဲမှ လေဆာလက်နက်ပစ်ချ၊ မည်သည့်စစ်ရေးလှုပ်ရှားမှုကိုမျှ မပြုလုပ်ရန် အစ္စရေးသို့ အာမက်ဒီနီဂျက်သတိပေး၊ သီရိလင်္ကာ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဖွန်ဆီကာအားထိန်းသိမ်း စစ်တရားရုံးချုပ်ဖြင့် စစ်ဆေးရန်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးကပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရှဉ့်စွယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အစွန်းလွတ်မှ မဇ္ဈိမ** တရားတော် ဆရာတော် ဘဒ္ဒန္တသောဘန
၆:၅၀	ကလောမှာ ထင်ရှား **ရွှေဥမင်ဘုရား**
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၃)
၈:၃၀	Sports World
၈:၅၅	Activities in the City (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ)
၉:၁၅	တပို့တွဲလမှာ ဆင်နွှဲ မြတ်လေးရုံကျောင်း၏ပွဲ
၉:၃၀	Sunday Talk
၁၀:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတိတ်၏ အရိပ်**
၁၀:၅၅	လှပသော အနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
၁၁:၁၅	ဖိတ်ခေါ် မောင်မြန်မာ (ကျား/မ) စက်ဘီးပြိုင်ပွဲအကြိုညှိနှိုင်းဆွေးနွေးပွဲ
၁၁:၃၅	Activities in the City - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် စာတမ်းဖတ်ပွဲ - ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲ
၁၂:၁၀	Vancouver 2010 Olympic Winter Games
၁:၀၀	**အစွန်းလွတ်မှ မဇ္ဈိမ** တရားတော် ဆရာတော် ဘဒ္ဒန္တသောဘန
၂:၀၀	MRTV-4 သတင်း
၂:၅၀	Fashion Music Festival လန်းတဲ့ကမ်းခြေ
၃:၂၀	Activities in the City မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၃)
၄:၁၀	ဖိတ်ခေါ် မောင်မြန်မာ (ကျား/မ) စက်ဘီးပြိုင်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲ
၄:၄၅	ကောင်းကင်နှင့် ကောင်းကင်တစ်ခြမ်း
၅:၀၀	ဟိုတယ်လမ်းညွှန် (Pacific Hotel)
၅:၁၅	တပို့တွဲလမှာ ဆင်နွှဲ မြတ်လေးရုံကျောင်း၏ပွဲ
၅:၃၀	Cartoon Show Time (TOY STORY)
၆:၀၀	MRTV-4 သတင်း
၆:၂၀	World of Knowledge (Funniest Animal)
၆:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Traders Staff Party)
၇:၀၀	Fashion Music Festival လန်းတဲ့ကမ်းခြေ
၇:၃၀	Celebrity Style (သရုပ်ဆောင် ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၄၀	Cartoon Show Time (TOY STORY)
၉:၂၀	ဟိုတယ်လမ်းညွှန် (Pacific Hotel)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၃)
၁၀:၀၀	သင်ကြားရေးလမ်းညွှန် (LASALLE - College of the Arts)
၁၀:၂၅	Celebrity Style (သရုပ်ဆောင် ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း)
၁၀:၅၅	ရန်ကုန်မြင်ကွင်းကျယ် (Traders Staff Party)
၁၁:၀၅	**လောကရဲ့ အလှရတနာ** ရဲအောင်၊သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁၁:၂၀	မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ်
၁၁:၃၅	မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၁:၅၀	စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၁၂:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Stoke City- Man City	Star Sports (Live)
	Stoke City- Man City	MRTV-4 (Live)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနေသည့် မြန်မာနိုင်ငံ၏သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ

တက္ကသိုလ်တင်လကျော်

ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးကို စိမ်းလန်းသောတောကြီးများ၊ တောင်စဉ်တောင်တန်းများနှင့် အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်၊ မြစ်ချောင်းပင်လယ်ပြင်ကြီးများဖြင့် ဝန်းရံလျက်ရှိပါသည်။ ထိုသို့ အလှအပရှုခင်းများစွာ ပြည့်စုံလျက်ရှိသော ကမ္ဘာကြီးက နှစ်ပေါင်းများစွာ လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတများစွာကို အထောက်အပံ့ပေးလျက်ရှိပါသည်။ ရှေးဦးအစကတည်းက ယင်းသဘာဝသယံဇာတများသည် လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။ သို့သော် လူဦးရေတိုးပွားလာခြင်း၊ နှစ်ပေါင်းကြာရှည်စွာ အသုံးပြုလာခဲ့ခြင်းများနှင့် လူသားတို့ မဆင်မခြင် ထုတ်ယူခြင်းများကြောင့် ပေါကြွယ်ဝခဲ့သည့် သယံဇာတအမွေအနှစ်များသည် တဖြည်းဖြည်း ပျက်စီးလျော့နည်းမှုအန္တရာယ်ကို မလွှဲမရှောင်သာ ကျွန်တော်တို့ ရင်ဆိုင်နေရပါသည်။ ထို့နည်းတူ သဘာဝသယံဇာတများသည်လည်း ပျက်စီးလျော့နည်းလျက်ရှိပါသည်။

၁၉၉၂ခုနှစ် ခန့်မှန်းချက်အရ သစ်တောဧရိယာ ဟက်တာ ခြောက်သန်းခန့် ကမ္ဘာပေါ်တွင် မညီမညာ ဖြန့်ကြက်ပေါက်ရောက်နေကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာပေါ်ရှိ သစ်တောဖုံးလွှမ်းနေသော ဧရိယာမှာ ၂၀၀၅ ခုနှစ် သစ်တောသယံဇာတများဆိုင်ရာ စာရင်းကောက်ယူမှု အစီရင်ခံစာ (FRA-၂၀၀၅)အရ ဟက်တာ လေးဘီလီယံအောက်တွင်သာ ရှိတော့ကြောင်း လေ့လာသိရှိရပါသည်။ ဥပမာအားဖြင့် လူဦးရေ နှစ်ဘီလီယံရှိနေသော နိုင်ငံ ၆၄နိုင်ငံတွင် လူတစ်ဦးအတွက် သစ်တောဧရိယာ ပျမ်းမျှ ၀.၁ ဟက်တာအောက်တွင်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သစ်တောဧရိယာ ပေါကြွယ်ဝသော နိုင်ငံ ၁၀ နိုင်ငံသည် ကမ္ဘာ့သစ်တောဧရိယာ၏ သုံးပုံနှစ်ပုံအတွင်း ပိုင်ဆိုင်ကြောင်း လေ့လာသိရှိရပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ကမ္ဘာ့မြေဧရိယာ၏ ၃၀ရာခိုင်နှုန်းသာ သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့လူဦးရေ စာရင်းဇယားများအရ ကမ္ဘာ့လူဦးရေမှာ ၁၇၅၀ ခုနှစ်က ၇၉၁သန်းရှိခဲ့ရာမှ ၁၈၀၀ ပြည့်နှစ်တွင် ၉၇၈ သန်း၊ ၁၈၅၀ ခုနှစ်တွင် ၁၂၆၂ သန်း၊ ၁၉၀၀ပြည့်နှစ်တွင် သန်း ၁၆၅၀၊ ၁၉၅၀ခုနှစ်တွင် ၂၅၂၁ သန်း၊ ၁၉၉၉ခုနှစ်တွင် ၅၉၇၈ သန်း၊ ၂၀၀၈ခုနှစ်တွင် ၆၇၀၇ သန်း၊ ၂၀၀၉ ခု နှစ်ဆန်းတွင် ၆၇၉၃သန်းရှိကြောင်း သိရှိရသည်။ ကမ္ဘာပေါ်တွင် လူတစ်ယောက်အနေဖြင့် နေ့စဉ်အသက်ရှင်နေထိုင် စားသောက်ရေးအတွက် လိုအပ်ချက်များစွာအနက် အစာအာဟာရတစ်ခုတည်းအတွက်ပင် လူတစ်ယောက်အနေဖြင့် မွေးဖွားစဉ်မှ အသက် ၅၀ ကာလအတွင်း လောင်စာသုံးစွဲမှုမှာ ထင်းကုဗတန် ၂၀ခန့် ကုန်ကျနိုင်သည်ဟု ပညာရှင်များက တွက်ချက်ထားရာ ထိုထင်းကုဗတန် ၂၀မှ CO_2 ထုတ်လုပ်မှု ၃၇တန် ထွက်ရှိနိုင်သည်ဟု တွက်ချက်ထားပါသည်။

ထိုသူ၏အသက် (၇၅)နှစ်အထိ ဆက်လက်အသက်ရှင် ရပ်တည်မည်ဆိုပါက ထင်းကုဗတန် ၃၀ခန့် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ကမ္ဘာ့လူသားတို့အတွက် သဘာဝသစ်တောများမှ ထင်းလောင်စာသုံးစွဲမှု ပမာဏအား ခန့်မှန်းကြည့်ပါက ကမ္ဘာ့လူဦးရေ အတိုင်းအတာအရ နှစ်စဉ် ထင်းလောင်စာတစ်ခုတည်းအတွက်ပင်လျှင် သစ်တောများ များစွာ ပျက်စီးလျော့နည်းနိုင်ကြောင်း လေ့လာတွက်ချက် သိရှိနိုင်ပါသည်။ ကမ္ဘာပေါ်ရှိ သစ်တောများပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းများမှာ စနစ်တကျမှန်ကန်သော သစ်တောစီမံအုပ်ချုပ်မှု မရှိခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ထင်းလောင်စာအတွက် သစ်တောများ အလွန်အကျွံ ခုတ်လှဲခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အချို့တိုင်းပြည်များတွင် သစ်တောသယံဇာတများ ရှားပါးလာလျက်ရှိပြီး တည်ဆောက်ရေး ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်သာမက ကျန်းမာအပန်းဖြေ နေထိုင်ရေးအတွက် သဘာဝအလှအပ ခံစားနိုင်မည့် အခွင့်အရေးများကိုပါ ဆုံးရှုံးနစ်နာလျက်ရှိပါသည်။ ထို့ကြောင့် သဘာဝအလှအပရှုခင်းခံစားနိုင်မည့် နေရာဒေသများ ပြန်လည်ထိန်းသိမ်းရန် ကြိုးစားခဲ့ကြပြီး သဘာဝခရီးသွားလုပ်ငန်းများ စတင်တည်ထောင်လျက် ရှိကြပါသည်။ သဘာဝခရီးသွားလုပ်ငန်းများသည် နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် အောင်မြင်တိုးပွားလာလျက်ရှိပြီး အချို့နိုင်ငံများအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်လာခဲ့ပါသည်။ သာဓကအားဖြင့် ကနေဒါနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း ၈၀၀ကို သားငှက်တိရစ္ဆာန်၊ ငါးလုပ်ငန်း၊ အပန်းဖြေနေရာများဆိုင်ရာ သဘာဝခရီးသွားလုပ်ငန်းများမှ ရှာဖွေပေးလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့သစ်တောများနှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း

ကမ္ဘာပေါ်တွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝရတနာသိုက် သစ်တောကြီးများနှင့် နိုင်ငံအလိုက် တည်ထောင်ထားသော အမျိုးသားဥယျာဉ်ကြီးများသည် ကမ္ဘာပေါ်ရှိ လူသားတိုင်းအတွက် ကိုယ်စိတ်နှလုံးအပန်းဖြေမှုများအား ရယူခံစားနိုင်သော နေရာများဖြစ်ပါသည်။ မြို့ပြများတွင် လူဦးရေထူထပ်ခြင်း၊ ယာဉ်ယန္တရားများနှင့် စက်ရုံအလုပ်ရုံများမှ CO_2 ဓာတ်ငွေ့များ၊ CFC ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လူတို့ ထိတွေ့ခံစားနေရခြင်း၊ လူတို့၏ နေ့စဉ်မြားမြောင်လှသော လူမှုကိစ္စများကြောင့် စိတ်ဖိစီးမှုများ များပြားလာခြင်းတို့အတွက် မြို့ပြနှင့် နေအိမ်ပြင်ပ အပန်းဖြေနေရာများမှာ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအဖြစ် တည်ရှိနေပြီဖြစ်ပါသည်။ အထူးသဖြင့် အပူပိုင်းဇုန်သစ်တောများမှ ထူးခြားသောသဘာဝအနေအထားများ၊ ကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲများ၊ လှပဆန်းကြယ်သော ရှုခင်းများသည် လူသားတို့အတွက် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း၏ လွန်စွာကောင်းမွန်သော ဆွဲဆောင်မှုများပင် ဖြစ်ကြပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများမှရရှိသော ဝင်ငွေစုစုပေါင်း၏ သုံးပုံတစ်ပုံကို ခရီးသွားလုပ်ငန်းမှရရှိပြီး ၂၀၀၀ပြည့်နှစ်တွင် ကမ္ဘာ့အကြီးဆုံးဝင်ငွေလုပ်ငန်းဖြစ်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့မှ (World Tourism Organization–WTO, 1989)က ခန့်မှန်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ခရီးသွားများ၏ (International Tourists) အရေအတွက်မှာ သန်း ၃၉၀ ရှိခဲ့ရာ ၄င်းလုပ်ငန်းများမှ အလုပ်အကိုင်နေရာ ၇၄ သန်း ဖန်တီးပေးပြီး ပြည်တွင်းပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉၅ ဘီလီယံ ရရှိစေခဲ့ကြောင်း သိရှိရသည်။ ယင်းမှ ၁၀ရာခိုင်နှုန်းခန့်ကို သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ပါဝင်သည့် စွန့်စားခရီးသွားခြင်း (Adventure Tour) က ရရှိခဲ့ပြီး ယင်းလုပ်ငန်းသည် နှစ်စဉ် ၃၀ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း သိရှိရပါသည် (FAO-1994)။ သဘာဝအခြေခံခရီးသွား လုပ်ငန်းသည် လူမှုရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ရေးဆိုင်ရာ ကျယ်ပြန့်သော အကျိုးကျေးဇူးများပါ ရရှိနိုင်သော ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းအား အထောက်အကူပြုနေသည့် မြန်မာနိုင်ငံရှိ ခေတ်အဆက်ဆက် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အစဉ်သဖြင့် ထိန်းသိမ်းကာကွယ်လာခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးစုံမျိုးကွဲအမျိုးမျိုးကို တွေ့မြင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တောင်ပေါ်တောများ၊ နှင်းဖုံးတောင်တန်းကြီးများရှိပြီး အလယ်ပိုင်းတွင် ရွက်ပြတ်ရောနှော တောစို၊ တောခြောက်များ၊ တောင်ပိုင်းတွင် အပူပိုင်းမုတ်သုံသစ်တောကြီးများနှင့် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ဒီရေတောများ၊ သန္တာကျောက်တန်းများ ပေါများစွာ တွေ့ရှိရသည်။ တန်ဖိုးကြီးမားပြီး ကမ္ဘာကျော် အပူပိုင်းဒေသသစ်မျိုးတစ်မျိုးဖြစ်သော မြန်မာ့ကျွန်းသစ်ပေါက်ရောက်ရာ သဘာဝကျွန်းတောကြီးများကို မြန်မာနိုင်ငံတွင် တွေ့မြင်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသော အပင်ကြီးမျိုးပေါင်း ၇၀၀၀ ကျော်ရှိသည့်အနက် အပင်မျိုးပေါင်း ၁၀၇၀ ကျော်သည် ဒေသမျိုးများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဝါးမျိုးပေါင်း ၁၀၀ ကျော်ခန့်၊ ကြိမ်အမျိုးပေါင်း ၃၀ နှင့် သစ်ခွမျိုးပေါင်း ၈၀၀ ကျော်ခန့်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည် ဂေဟစနစ် ပေါကြွယ်ဝသည့်နည်းတူ ငှက်အမျိုးပေါင်း ၁၀၅၀ကျော်၊ ကုန်းနေသတ္တဝါ ၃၀၀ခန့်နှင့် တွားသွားသတ္တဝါ ၄၀၀ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ကျော်၊ ငါးမျိုးစိတ် ၈၀၀ကျော်၏ နေရင်းဒေသတစ်ခုဖြစ်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်ရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးတို့အတွက် ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို တည်ထောင်လျက်ရှိပါသည်။ ခေတ်နှင့်မလျော်ညီတော့သည့် "၁၉၃၆ ခုနှစ် တောရိုင်းတိရစ္ဆာန်များ အက်ဥပဒေကို ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်များ၊ အပင်များနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ" ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံနှင့်အဝန်း ဖွင့်လှစ်ထားရှိခဲ့ရာ နိုင်ငံတကာမှ လာရောက်သည့် သဘာဝကိုအခြေခံသော ခရီးသွားများအနေဖြင့် အောက်ပါခရီးသွားစခန်းများအတိုင်း သွားရောက်အပန်းဖြေလေ့လာနိုင်ပါသည် -

(က) **ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တည်နေရာမှာ -**
ကချင်ပြည်နယ် နောင်မွန်မြို့နယ်တွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၁၄၇၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၁၀၃၃မိုင်၊ ရန်ကုန်မြို့မှ ၁၂၇၃ မိုင်၊ မန္တလေးမြို့မှ ၈၅၃မိုင် ကွာဝေးပြီး ရထား၊ ကား၊ လေယာဉ်ဖြင့် သွားရောက်နိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေခဲတောင်ဂေဟစနစ်၊ ထင်းရှူးတောများ၊ သမပိုင်းသစ်တောဂေဟစနစ်များ၊ တောရိုင်းတိရစ္ဆာန်များ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေ့လာနိုင်ပါသည်။

(ခ) **အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃၁၅ စတုရန်းမိုင် ကျယ်ဝန်း၍ နေပြည်တော်မှ ၁၀၃၃ မိုင်၊ ရန်ကုန်မြို့မှ ၇၇၂မိုင်၊ မန္တလေးမြို့မှ ၃၈၂မိုင် ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေတိမ်ဒေသဂေဟစနစ်၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ ရှားပါးငါးမျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များအား လေ့လာနိုင်ပြီး ရေလယ်ရှိ ရွှေမဉ္ဇူဘုရားသို့ သွားရောက်ဖူးမြော်နိုင်ပါသည်။

(ဂ) **ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**
စစ်ကိုင်းတိုင်း ကန့်ဘလူနှင့် ကောလင်းမြို့နယ်များတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၁၀၄ စတုရန်းမိုင် ကျယ်ဝန်းပြီး နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန်မြို့မှ ၆၅၇မိုင်၊ မန္တလေးမြို့မှ မိုင်၁၆၀ ကွာဝေးပြီး ရထား၊ ကားများဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ အင်တိုင်းတော ဂေဟစနစ်နှင့် ရွှေသမင်များနေထိုင် ကျက်စားမှုတို့ဖြစ်ပါသည်။

(ဃ) **အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၏ တည်နေရာမှာ -**
စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ပုလဲမြို့နယ်တို့တွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၆၁၇ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၅မိုင်၊ ရန်ကုန်မြို့မှ မိုင် ၅၈၀၊ မန္တလေးမြို့မှ ၁၇၅မိုင် ကွာဝေးလျက် ကားဖြင့်သွားလာနိုင်သည်။ ရန်ကုန်နှင့် နေပြည်တော်မှ မန္တလေးသို့ လေယာဉ်ဖြင့်သွားပြီး ထိုမှဆက်၍ ကားဖြင့် သွားလာနိုင်သည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ ထင်းရှူးတောများ၏ ဂေဟစနစ်၊ သဘာဝအတိုင်း ကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်မျိုးများကို ကြည့်ရှုလေ့လာနိုင်ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ အလောင်းတော်ကဿပကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။

(င) **အမျိုးသားကန်တော်ကြီးဥယျာဉ်၏ တည်နေရာမှာ -**
မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး ၀ဒသမ၆၈ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင် ၂၂၀၊ ရန်ကုန်မြို့မှ မိုင် ၄၇၀ ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ မန္တလေးမြို့မှ ၄၂မိုင် အကွာတွင်တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ မြန်မာနိုင်ငံ၏ ထင်ရှားသော ရုက္ခဗေဒဥယျာဉ်ကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင် ဥယျာဉ်အတွင်း၌ သစ်ခွဥယျာဉ်၊ လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များအား လေ့လာနိုင်ပါသည်။

(စ) **အမျိုးသားအထိမ်းအမှတ်ဥယျာဉ် တည်နေရာမှာ -**
မန္တလေးတိုင်း ပြင်ဦးလွင်တွင် တည်ရှိ၍ လေ့လာနိုင်သည့် အခွင့်အလမ်းများအနေဖြင့် မြန်မာနိုင်ငံရှိ ပုံစံငယ် သမိုင်းဝင်စေတီပုထိုးများ၊ ယဉ်ကျေးမှုအဆောက်အအုံများ၊ ရှေးဟောင်းနန်းတော် အထင်ကရ သဘာဝပထဝီ ဘူမိရုပ်သွင်များ၏ ပုံစံငယ်များ၊ သစ်ပင်ပန်းမန်များအား လေ့လာနိုင်ပါသည်။

(ဆ) **နတ်မတောင်အမျိုးသားဥယျာဉ်၏ တည်နေရာမှာ -**
မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်တို့တွင် တည်ရှိပါသည်။ ၂၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီး နေပြည်တော်မှ မိုင် ၃၅၀၊ ရန်ကုန်မြို့မှ မိုင်၄၆၀၊ မန္တလေးမြို့မှ မိုင် ၃၅၀ ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ တောင်ပေါ်အမြဲစိမ်းတောနှင့် ဆဗာနားမြက်ခင်း ဂေဟစနစ်၊ ရှားပါးသစ်ခွ၊ ငှက်မျိုးစိတ်များ၊ ဒေသခံချင်းလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကိုလည်း လေ့လာနိုင်ပါသည်။

(ဇ) **ပုပ္ပားတောင်ဥယျာဉ်တည်နေရာမှာ -**
မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင် တည်ရှိပြီး ၄၉ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၄၁၀ ကွာဝေးပြီး ရထား၊ ကားဖြင့်သွားလာနိုင်ပါသည်။ မန္တလေးမြို့မှ မိုင် ၁၇၀ ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သော အခွင့်အလမ်းများအနေဖြင့် အပူပိုင်းဒေသသစ်တော ဂေဟစနစ်အမျိုးမျိုး၊ ဆေးဖက်ဝင်အပင်များ၊ မျောက်မျက်ကွင်းဖြူများ နေထိုင်ကျက်စားမှု၊ ရိုးရာယုံကြည်ကိုးကွယ်မှု နတ်ကွန်းနတ်နန်းများ၊ ဂေါက်သီးရိုက်ကစားခြင်းနှင့် မြင်းစီးခြင်းတို့ ဖြစ်ပါသည်။

(ဈ) **ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်နေရာမှာ -**
မကွေးတိုင်း မင်းဘူးမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ စကုမြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် တည်ရှိပြီး ၂၁၃ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၅ မိုင်၊ မန္တလေးမြို့မှ ၂၄၅ မိုင် ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပါသည်။ ရန်ကုန်မြို့မှ ၃၈၅ မိုင် ကွာဝေးပြီး လေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရွှေသမင်နှင့် ကြယ်လိပ်များ ကျက်စားရာ ဂေဟစနစ်ကို လေ့လာနိုင်ပါသည်။ ရွှေစက်တော်ရှိ ဘုရားခြေတော်ရာနှစ်ဆူမှာ ထင်ရှားပါသည်။

(ည) **အင်းလေးကန်ဘေးမဲ့တော တည်နေရာမှာ -**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် တည်ရှိ၍ ၂၄၈ စတုရန်းမိုင် အကျယ်အဝန်းတွင် တည်ရှိပါသည်။ နေပြည်တော်မှ မိုင်၂၄၀ ကွာဝေး၍ ကားဖြင့် သွားလာနိုင်ပြီး ရန်ကုန်မြို့မှ မိုင် ၄၃၀၊ မန္တလေးမြို့မှ မိုင်၂၄၀ ကွာဝေးပြီး လေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ဖောင်တော်ဦးဘုရား၊ ရေတိမ်ဒေသဂေဟစနစ်၊ တိုင်းရင်းသားတို့ ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် ရေပျော်ငှက်မျိုးများကိုလည်း လေ့လာနိုင်ပါသည်။

(ဋ) **ဖိုးကျားဆင်စခန်း၏ တည်နေရာမှာ -**
ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင်တည်ရှိပြီး နေပြည်တော်မှ မိုင် ၇၀၊ ရန်ကုန်မြို့မှ ၂၁၅ မိုင်၊ မန္တလေးမြို့မှ မိုင်၂၆၀ကွာဝေး၍ ရထားဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း သွားလာနိုင်ပါသည်။ သဘာဝကျွန်းတောများ ကြည့်ရှုလေ့လာခြင်းနှင့် ဆင်များ၏ သဘောသဘာဝကို လေ့လာနိုင်ပါသည်။

(ဌ) **မိုးယွန်းကြီးအင်းဘေးမဲ့တော တည်နေရာမှာ -**
ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တွင်တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်း၍ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀ ကွာဝေး၍ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ မန္တလေးမြို့မှ မိုင် ၃၃၀ အကွာတွင်တည်ရှိပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ရေတိမ်ဒေသဂေဟစနစ်၊ ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို လေ့လာနိုင်ပါသည်။

(ဍ) **မြိုင်ဟေဝန်ဆင်စခန်း၏ တည်နေရာမှာ -**
ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် တည်ရှိ၍ ၀ဒသမ၀၂ စတုရန်းမိုင်ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၃၂၃ မိုင် ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပြီး၊ ရန်ကုန်မြို့မှ ၇၃ မိုင် အကွာတွင်တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ တောဆင်ရိုင်းများ ဖမ်းဆီးခြင်း၊ ဆင်များအား လိမ္မာယဉ်ကျေးရန် လေ့ကျင့်သင်ကြားပေးခြင်း၊ တောတောင်ရေမြေနှင့် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ပါသည်။

(ဎ) **လှော်ကားဥယျာဉ်၏ တည်နေရာမှာ -**
ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင်တည်ရှိပြီး ၂ဒသမ၄၁ စတုရန်းမိုင်ကျယ်ဝန်းပါသည်။ နေပြည်တော်မှ မိုင်၂၄၀၊ မန္တလေးမြို့မှ မိုင်၄၄၀ ကွာဝေး၍ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်သည်။ ရန်ကုန်မြို့မှ မိုင်၂၀အကွာတွင် တည်ရှိပြီး ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သော အခွင့်အလမ်းများမှာ တိရစ္ဆာန်များ၏ သဘာဝအတိုင်းနေထိုင်ကျက်စားမှု၊ အပျော်တမ်းလှေစီးခြင်းတို့ ဖြစ်ပါသည်။

(ဏ) **ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ တည်နေရာမှာ -**
ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၀ဒသမ၁၁ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ နေပြည်တော်မှ ၂၄၄ မိုင်၊ မန္တလေးမြို့မှ မိုင် ၄၃၀ကွာဝေးပြီး လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ သဘာဝသမိုင်းပြတိုက်၊ တိရစ္ဆာန်မျိုးစုံ၊ အပျော်တမ်း ဆင်စီးခြင်း၊ ရထားလုံးစီးခြင်း၊ မြွေအလိမ္မာပြပွဲနှင့် ဆင်ကပွဲများကို လေ့လာနိုင်ပါသည်။

(တ) **မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ တည်နေရာမှာ -**
ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် တည်ရှိပြီး ၅၃စတုရန်းမိုင် ကျယ်ဝန်း၍ နေပြည်တော်မှ မိုင် ၃၄၀ ကွာဝေးပါသည်။ လေယာဉ်၊ ရထား၊ ကားဖြင့် သွားလာနိုင်ပြီး ရန်ကုန်မြို့မှ မိုင် ၉၀ ကွာဝေး၍ ရေယာဉ်၊ ကားဖြင့် သွားလာနိုင်ပါသည်။ လေ့လာနိုင်သည့် အခွင့်အလမ်းများမှာ ဒီရေတောဂေဟစနစ်၊ မိကျောင်း၊ နို့တိုက်သတ္တဝါများနှင့် ရေနေသတ္တဝါများကို လေ့လာနိုင်ပါသည်။

ယနေ့ ကမ္ဘာကြီးပူနွေးစေသည့် ကာဗွန်ထုတ်လုပ်မှု၏ ၂၀ရာခိုင်နှုန်းသည် သစ်တောပြုန်းတီးမှုမှ ဖြစ်ပေါ်နေသည်ဟု သိရပါသည်။ ၄င်းအပြင် ကာဗွန်ထုတ်လုပ်မှု ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုအား အထောက်အပံ့ပေးနေသည့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ ရေထိန်းသိမ်းကာကွယ်ခြင်း၊ မြေတိုက်စားမှုကာကွယ်ခြင်းတို့သည် ကမ္ဘာကြီးပူနွေးမှု (Global Warming)ကို လျော့ကျစေပြီး စီးပွားရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိန်းသိမ်းပေးနေသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို အထောက်အပံ့ပြုလျက် ရှိပါသည်။

ယနေ့အခါ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူအချင်းချင်း ချစ်ခင်ကြင်နာမှု၊ အပြန်အလှန်နားလည်မှုများပါ ရရှိနိုင်ပါသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Ecotourism Site) များသည် မြန်မာနိုင်ငံရှိ သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ထားသည့် ခံစစ်စခန်းများအဖြစ် ဖော်ညွှန်းနိုင်ပါသည်။ အလားတူ မြန်မာနိုင်ငံ၏ (Smoke-less Factories) မီးခိုးမဲ့စက်ရုံများဟု တင်စားခေါ်ဝေါ်နိုင်သော သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်း (Ecotourism Site) များသည် မြန်မာ့ခရီးသွားလုပ်ငန်းအား တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အပံ့ပြုလျက်ရှိပါသည်။

ထို့အပြင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူများကို ဝင်ငွေတိုးတက်စေပြီး ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်ရှိနေသည့် သဘာဝသစ်တောများသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေမည့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသည်။ တစ်နည်းအားဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးအတွက် သစ်ထုတ်လုပ်မှု လျာထားချက် လျော့နည်းလာနိုင်ပြီး သစ်တောထိန်းသိမ်းရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါးရင်း အမိမြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနေသည့်၊ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများအကြောင်း အများပြည်သူသိရှိလေ့လာနိုင်ရန် စုစည်းလေ့လာတင်ပြလိုက်ရပါသည်။ ။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဟာဘာရီဂတ်စ်အတွက် ဘာကာ ပေါင်သန်း ၆၀သုံးမည်

ဘာစီလိုနာအသင်းသည် လာမည့်နွေရာသီတွင် အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘာရီဂတ်စ်အားခေါ်ယူရန်အတွက် ပေါင်သန်း ၆၀သုံးစွဲမည်ဖြစ်ကြောင်း ဆန်းဒေးမေးရာ၌ ဖော်ပြသည်။

မန်ယူ ခံစစ်မှူး ဗီဒစ် မန်စီးတီး၏ပစ်မှတ် ဖြစ်လာဖွယ်

မန်ယူခံစစ်မှူး ဗီဒစ်သည် လာမည့်နွေရာသီတွင် မန်စီးတီးအသင်း၏ ပစ်မှတ်ဖြစ်လာဖွယ်ရှိကြောင်း ဆန်းဒေးတိုင်းမ်၌ ဖော်ပြသည်။

အဲဗာတန်က ရော့ဒ်ဝဲလ်၏ပြောင်းရွှေ့ကြေး ပေါင်သန်း၃၀ခေါ်

အဲဗာတန်အသင်းသည် မန်ယူကခေါ်ယူလိုသော ဆယ်ကျော်သက်လူငယ်ကြယ်ပွင့် ဂျက်ခ်ရော့ဒ်ဝဲလ်အား ပေါင်သန်း ၃၀ဈေးခေါ်ထားကြောင်း ဆန်းဒေးမေးရာ၌ ဖော်ပြသည်။

ဗန်ဒါဆာ မန်ယူနှင့် စာချုပ်သစ် တစ်နှစ်ထပ်မံချုပ်ဆို

အသက်(၃၉)နှစ်ရှိ မန်ယူဂိုးသမား ဗန်ဒါဆာသည် မန်ယူနှင့် ပေါင်ငါးသန်းတန် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့ကြောင်း မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။

မန်ယူသို့မပြန်ဟု မဆိုခဲ့ဖူးကြောင်း စီရိုနယ်ဒိုဖွင့်ဟ

ရီရဲမက်ဒရစ်ကြယ်ပွင့် စီရိုနယ်ဒိုသည် ၎င်း၏အသင်းဟောင်းမန်ယူသို့ ဘယ်သောအခါမျှ မပြန်ဟု မည်သည့်အခါကမျှ မပြောကြားခဲ့ဟု ဆိုကြောင်း နယူးအော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ဂိုးသမားပလီတီကိုဆာအား စပါးက ခေါ်ယူရေးကြိုးပမ်း

စပါးတပ်မော်စကိုနှင့် ခရီအေးရှားဂိုးသမား စတီပီပလီတီကိုဆာသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ၎င်းအားစပါးက ခေါ်ယူရေး ကြိုးပမ်းမှု ပြန်လည် စတင်ပြီဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

တိုက်စစ်မှူး ကာဒိုဇိုအား မိုယက်စ်တွေ့ဆုံဆွေးနွေး

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် ဘင်ဖီကာတိုက်စစ်မှူး အော်စကာ ကာဒိုဇိုအား လူကိုယ်တိုင်သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ကာဒိုဇိုအား စပါး၊ အက်စ်တွန်ဗီလာနှင့် ဘလက်ဘန်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဘွိုက်ဒ်နှင့် ဂီယာဒီတို့အား ခေါ်ယူရန် ဘာမင်ဂမ် ပစ်မှတ်ထား

ဘာမင်ဂမ်နည်းပြ အဲလက်စ်မက်ကလစ်ချ်သည် ၎င်း၏အသင်းကို တိုက်စစ်အင်အား ဖြည့်တင်းရန်အတွက် တိုက်စစ်မှူးများဖြစ်ကြသည့် ရိန်းဂျားမှ ကရစ်ဘွိုက်ဒ်နှင့် ဆဲလ်တစ်မှ မက်ဂီယာဒီတို့အား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ပင်နိုလာအားခေါ်ယူရန် အဲဗာတန်နှင့်စတုတ် အပြိုင်ကြိုးစား

နရင်ဘတ်နှင့် အာဂျင်တီးနား ဘယ်နောက်ခံလူ ဂျာဗီရီပင်နိုလာအား ခေါ်ယူရန် အဲဗာတန်နည်းပြ မိုယက်စ်ကြိုးပမ်းလျက်ရှိကြောင်း၊ သို့သော်လည်း ပင်နိုလာအား ခေါ်ယူရန် စတုတ်စီးတီးကလည်း အပြိုင်ကြိုးစားလျက်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဂျွန်စတက်ဒ်၏ ကိုပင်ထရီသို့ ပြောင်းရွှေ့ရေး ဆိုင်းငံ့ထား

အစ်ဆွစ်ချ်တိုက်စစ်မှူး ဂျွန်စတက်ဒ်၏ ကိုဗင်ထရီသို့ ပြောင်းရွှေ့ရေးမှာ ၎င်း၏ လူမှုရေးကိစ္စတစ်ရပ်ကြောင့် ဆိုင်းငံ့ထားခဲ့ရကြောင်း သည်မေးရာ၌ ဖော်ပြသည်။

မန်စီးတီး-လီဗာပူးပွဲစဉ် တီဗက်ဇ် လွဲချော်ဖွယ်

လူမှုရေးကိစ္စတစ်ရပ်ကြောင့် ဇာတိနိုင်ငံ အာဂျင်တီးနားသို့ ပြန်သွားခဲ့ရသော မန်စီးတီး တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် လာမည့် ဖေဖော်ဝါရီ ၂၁ရက်၌ မန်စီးတီးနှင့်လီဗာပူး ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ဘန်လေနည်းပြလော့စ် ဂွါရီရီအား အသင်းမှ ထွက်ခွင့်ပြု

ဘန်လေနည်းပြ ဘရိုင်ယန်လော့စ်သည် ခြေစွမ်းထက်မြက်သော်လည်း အသင်းနှင့် အံဝင်ခွင်ကျမဖြစ်သော အီကွေဒေါတောင်ပံကစားသမား ဖာနန်ဒို ဂွါရီရီအား လက်မလွှတ်ချင်သော်လည်း လက်လွှတ်ခဲ့ရကာ အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ရပြီဖြစ်ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

အန်ဆယ်လော့တီ၊ မန်စီနီနှင့် အက်ဖ်အေဖလား

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၁၅

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်ခဲ့ပြီ။ လက်ရှိအက်ဖ်အေဖလားပိုင်ရှင် ချယ်လ်ဆီးတို့က မန်စီးတီး သို့မဟုတ် စတုတ်နှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ဘက်နှစ်သင်းစလုံး၏ ခြေစွမ်းများက မထင်မှတ်တာ လုပ်ပြလေ့ရှိသဖြင့် ချယ်လ်ဆီးတို့ ကွာတားအဆင့်၌ ခက်ခက်ခဲခဲ ရုန်းကန်ကျော်ဖြတ်ရမည်မှာ သေချာသည်။

အက်ဖ်အေ

၁၈၇၁-၁၈၇၂ ဘောလုံးရာသီမှ စတင်ခဲ့သော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ သမိုင်းကြောင်းကား နှစ်ပေါင်း ၁၃၀ ကျော်ရှိခဲ့ပြီ။ သက်တမ်းအရင့်ဆုံး ဘောလုံးပြိုင်ပွဲ တစ်ရပ်အဖြစ် သတ်မှတ်ခံထားရသလို ဘယ်သူဖိုလ်စွဲမည်ဆိုသည်ကို ပရီမီယာလိဂ်ထက်ပင် ခန့်မှန်းရခက်သည့် ပြိုင်ပွဲလည်း ဖြစ်နေပြန်သည်။ အက်ဖ်အေဖလားသည် အင်္ဂလိပ်ဘောလုံးလောက၌ အသင်းတိုင်း တန်ဖိုးထားသည့် ဖလားတစ်ခုအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာရှိသည်။

လက်ရှိဖလားပိုင်ရှင်

လက်ရှိအက်ဖ်အေဖလားပိုင်ရှင်မှာ ချယ်လ်ဆီးဖြစ်ပြီး ဖလားကို ဆက်လက်သိမ်းပိုက်ရန် ပြင်ဆင်နေသည်။ မိမိတို့သည် သေချာသည့် ဖလားကို အရင်ရအောင် ယူထားရမည်ဟု ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များမှ စတင်ကာ အဓိက ဘောလုံးသမားများကို ထုတ်သုံးသွားမည်ဟု အန်ဆယ်လော့တီက ဆိုသည်။

ပွဲဆက်ရှည်

အက်ဖ်အေဖလား ပဉ္စမအဆင့် ပတ်လည်ပွဲများကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက်များ၌ ယှဉ်ပြိုင်ခဲ့ကြသည်။ ရက်ဒင်းနှင့် ဝက်စ်ဘရွန်းတို့က နှစ်ဂိုးစီ သရေ၊ မန်စီးတီးနှင့် စတုတ်တို့က တစ်ဂိုးစီသရေ၊ ခရစ္စတယ်ပဲလေ့နှင့် ဗီလာတို့ကလည်း နှစ်ဂိုးစီ သရေပွဲများဖြစ်ခဲ့ကြ၍ ပြန်ကစားရမည်ဖြစ်ရာ ပွဲဆက်ရှည်ခဲ့သည်။ ယင်းပြန်ကန်ပွဲများအားလုံး ဖေဖော်ဝါရီ ၂၄ရက်၌ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အချိန်ပိုမိုရရှိ

ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်ပြိုင်ပွဲများနှင့် ပွဲပန်းနေသော လက်ရှိ အက်ဖ်အေဖလားပိုင်ရှင် ချယ်လ်ဆီးတို့က ယခုကဲ့သို့ ပွဲဆက်ရှည်ခြင်းကို ပိုကြိုက်နေသည်။ အက်ဖ်အေပွဲစဉ်များအတွက် အချိန်ပိုမိုရရှိသဖြင့် နည်းပြ အန်ဆယ်လော့တီအတွက် အသက်ရှူခွင့် ရရှိသွားသည်။ အက်ဖ်အေဖလားကို ကာကွယ်နိုင်မည်ဟု ယုံကြည်နေသည်။ ဒရော့ဘာကမူ အက်ဖ်အေဖလားသည် ချယ်လ်ဆီးအတွက်သာ ဖြစ်ရမည်ဟုဆိုသည်။ အခြားအကြောင်းလည်းရှိနေပြန်သည်။

ဂိုးသွင်းရန်

အက်ဖ်အေဖလား ပြိုင်ပွဲများတွင် ပွဲတိုင်းပါဝင်ကစားပြီး ဂိုးသွင်းယူနိုင်ရေး ကြိုးစားနေသူမှာ ဒရော့ဘာ ဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၏ အင်္ဂလန်မြေတွင် ဂိုးအများဆုံး သွင်းယူနိုင်သူမှာ မိမိသာဖြစ်ရမည်ဟု ယုံကြည်နေသည်။ လောလောဆယ်တွင် ပရီမီယာလိဂ်၌ ဒရော့ဘာ ၂၂ဂိုး သွင်းယူထားသည်။ ရွန်နေက ၂၃ဂိုး သွင်းယူထားသဖြင့် အပြိုင်ဖြစ်နေသည်။ ဒီအတွက် တစ်ဂိုးသွင်းနိုင်ရေး ခက်ခဲသော ပရီမီယာလိဂ်ထက် အက်ဖ်အေကို ဒရော့ဘာ စိတ်ဝင်စားနေခြင်းဖြစ်သည်။

အက်ဖ်အေ ကွာတားပွဲစဉ်

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ချယ်လ်ဆီးနှင့် မန်စီးတီး သို့မဟုတ် စတုတ်၊ ဖူလ်ဟမ်နှင့် ဘော်လ်တန်သို့မဟုတ် စပါး၊ ရက်ဒင်း သို့မဟုတ် ဝက်စ်ဟမ်းနှင့် ခရစ္စတယ်ပဲလေ့သို့မဟုတ် ဗီလာ၊ ပို့စ်မောက်နှင့် ဘာမင်ဂမ်တို့ဖြစ်သည်။ ယင်းပွဲစဉ်များကို လာမည့် မတ်ဖြရက်နှင့် ၇ရက်တို့တွင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

စောင့်ကြည့်ရမည်

ချယ်လ်ဆီးနည်းတူ မန်စီးတီး နည်းပြ မန်စီနီကလည်း ရောက်စနှစ်၌ ဆုဖလားယူပြလိုသည့် ဆန္ဒပြင်းပြနေရာ အက်ဖ်အေဖလားကို ပစ်မှတ်ထားနေသည်။ ထို့ကြောင့် မည်သည့် အသင်း သိမ်းပိုက်သွားမလဲ ဆိုသည်ကိုမူ စောင့်ကြည့်ရပေမည်။ ။

ကိုးကား-အင်တာနက်

စပါးအသင်းမှ ဘောလုံးသမားများ ပယ်နယ်တီလေ့ကျင့်ရန် လိုအပ်ပြီ

လန်ဒန် ဖေဖော်ဝါရီ ၁၅

စပါး ဘောလုံးသမားများသည် ဘော်လ်တန်အသင်းနှင့် အက်ဖ်အေဖလား ပဉ္စမ အဆင့်ပြိုင်ပွဲ ကစားခဲ့ရာတွင် ပယ်နယ်တီများ လွဲချော်ခဲ့ပြီးနောက် ပယ်နယ်တီဂိုး ဝင်အောင် လေ့ကျင့်ရန် လိုအပ်နေပြီဖြစ်ကြောင်း နည်းပြ ရက်နက်က ဝန်ခံပြောကြားလိုက်သည်။

ဆုံးရှုံးခဲ့

ဘော်လ်တန်ဂိုးသမား ဂျစကီးလိန်နင်သည် အက်ဖ်အေဖလား ပဉ္စမအဆင့် စပါးနှင့် ကစားခဲ့ရာတွင် ဒုတိယပိုင်း၌ ဟွတ်ဒယ်၏ ပယ်နယ်တီကို ကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းပယ်နယ်တီသည် စပါးတို့ ယခုနှစ် ဘောလုံးရာသီအတွင်း ပယ်နယ်တီခြောက်လုံး ကန်ခွင့်ရခဲ့ရာတွင် လေးကြိမ်မြောက် ပယ်နယ်တီဂိုး ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

စပါးတိုက်စစ်မှူး ဒီဖိုးသည်လည်း ပြီးခဲ့သည့်လက အက်ဖ်အေဖလား စတုတ္ထအဆင့် လိဒ်ယူနိုက်တက်အသင်းနှင့် ကစားရာတွင် ပယ်နယ်တီလွဲချော်ခဲ့သည်။

(အင်တာနက်)



အပြေးချန်ပီယံ အူစိန်ဘော့ မီတာ ၄၀၀စံချိန်သစ်တင်

ဂျမေကာ ဖေဖော်ဝါရီ ၁၅

ကမ္ဘာကျော် အပြေးချန်ပီယံ အူစိန်ဘော့သည် ဂျမေကာနိုင်ငံ၌ ကျင်းပသော ကမ်ပါဒေါင်းကလပ်ဆစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၄၀၀ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့ရာ ၂၀၁၀ခုနှစ် ရာသီ အဖွင့်ပြိုင်ပွဲအတွက် ပထမဆုံးရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။ အသက်(၂၃)နှစ်ရှိ ဂျမေကာနိုင်ငံသား အူစိန်ဘော့သည် အိုလံပစ်ချန်ပီယံဖြစ်ပြီး လက်ရှိမီတာ ၁၀၀နှင့် မီတာ ၂၀၀ ကမ္ဘာ့ချန်ပီယံလည်းဖြစ်သည်။ ၎င်းသည် ဂျမေကာနိုင်ငံ၌ ကျင်းပသော အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၄၀၀ ပြိုင်ပွဲ၌ စံချိန် ၄၅ဒသမ ၈၆စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲပြီး ယမန်နှစ်က ယင်း ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော စံချိန်ထက် ၀ဒသမ ၄၉စက္ကန့်စောပြီး ပန်းဝင်ခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ရော်နယ်ဒင်ဟိုထက် ရွန်နေ ခြေစွမ်းသာ

လန်ဒန် ဖေဖော်ဝါရီ ၁၅

မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသည့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟိုထက် ပိုကောင်းကြောင်း အေစီမီလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းက ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဆုံတွေ့မည်

ဘက်ခမ်းနှင့် ရော်နယ်ဒင်ဟိုတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် မန်ယူက မီလန်သို့ (ယနေ့) သွားရောက်ကစားရာတွင် ရွန်နေနှင့် ဆုံတွေ့ကြမည်ဖြစ်သည်။

အသင့်ဖြစ်နေ

ရွန်နေသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် ပွဲပေါင်း ၃၂ပွဲ ပါဝင်ကစားခဲ့ရာ ၂၃ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ရွန်နေသည် မန်ယူအတွက် အဓိကအဆုံးအဖြတ်ဂိုးများ သွင်းယူပေးနိုင်ခဲ့မှုကြောင့် မန်ယူတို့ပရီမီယာလိဂ်ဖလား စတုတ္ထအကြိမ်မြောက် ဆက်တိုက်ဆွတ်ခူးရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့အပြင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲများ ကစားရန်လည်း အသင့်ဖြစ်နေပြီဖြစ်သည်။ (အင်တာနက်)

ဆန်ဂျို့စ် အိုးပင်းတင်းနစ် ဆုဖလား ဗာဒါစကို ဖလားဆွတ်ခူး

ဆန်ဂျို့စ် ဖေဖော်ဝါရီ ၁၅

စပိန်တင်းနစ်ကစားသမား ဖာနန်ဒို ဗာဒါစကိုသည် အမေရိကန် ထိပ်သီး တင်းနစ်ကစားသမား အင်ဒီရော့ဒစ်အား အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျို့စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အနိုင်ရပြီး ချန်ပီယံ ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဗာဒါစကိုသည် ယင်းပြိုင်ပွဲတွင် အင်ဒီရော့ဒစ်အား ၃-၆၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ဗာဒါစကိုသည် ယင်းပြိုင်ပွဲတွင် ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၎င်း၏ တင်းနစ်ကစားသမားဘဝ သက်တမ်းတစ်လျှောက် စတုတ္ထမြောက် ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဗာဒါစကိုသည် စပိန်နိုင်ငံသား တစ်ဦးအနေဖြင့် အဆိုပါ ဆုဖလားကို ၁၉၆၄ခုနှစ်က ဆန်တာနာဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်

ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲကို ပြည်မြို့ကျောင်းကြီးရပ် ရုံးလမ်းတွင် ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီကကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးသောင်းအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ခင်ဦး ကွမ်းတိုင်းကျေးရွာ၌ တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသ

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကွမ်းတိုင်းကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်၌ တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားသည်။ (၁၈၂)

ကျောက်ဆည်မြို့နယ် တိုးတက်ဝေဖြော စာကြည့်တိုက်အဆောက်အအုံဖွင့်

ကျောက်ဆည်မြို့နယ် ပေတောလေးကျေးရွာ တိုးတက်ဝေဖြော စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးထက်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ကန်ကြီးထောင့်၌ အော်တိုအိတ်ချိန်းဖွင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့တွင် အော်တိုတယ်လီဖုန်း အလုံး ၄၈၀ အသုံးပြုနိုင်သော ကေဝိုင် (၁၀၀၀)၊ အိပ်-အမ်အမျိုးအစား အော်တိုအိတ်ချိန်းဖွင့်ပွဲကို ဇန်နဝါရီ၄ရက်က အဆိုပါအော်တိုအိတ်ချိန်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၄၉)

မြစ်ကြီးနား စည်ပင်သာယာ မြေယာရှင်းပြုပြင်

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဇန်နဝါရီ ၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ကြီးကြပ်လျက် ဝန်ထမ်းများအဖွဲ့ခွဲကာ ဆွမ်ပရာဘွမ်လမ်းလယ်ကျွန်းပေါင်အမှတ်(၈၄)မှ(၁၆၁)အထိ မြေယာရှင်းပြုပြင်ခြင်းနှင့် အဖွဲ့ပိုင် ပျိုးဥယျာဉ်မှ ပျိုးပင်များပြောင်းရွှေ့စိုက်ပျိုးခြင်းကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

အရာတော် ပြန်/ဆက်ဦးစီးရုံး၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

မုံရွာခရိုင် အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ ရုပ်သံ(၃) ဦးအောင်လွင်က မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကိုကျွေး(ဘူမိဗေဒ)၏ ကမ္ဘာကြီးသာယာစိုပြည်စေရေး မသန့်စွမ်းသူများကို ပိုမိုဆောင်ရွက်ခွင့်ပေး ဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

နယ်လှည့်ဆေးကုသမှုအဖွဲ့ လှိုင်သာယာ၌ ကွင်းဆင်းကုသပေး

လူမှုဖူလုံရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အဖွဲ့ပိုင် ထန်းတပင်တီဘီရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှမိုး ဦးဆောင်သော နယ်လှည့်အထူးကုဆေးကုသမှုအဖွဲ့သည် ဒီဇင်ဘာ ၂၂ရက်က လှိုင်သာယာစက်မှုဇုန်အပိုင်း(၃)ရှိ ရောဝတီ စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ၏ မာမားခေါက်ဆွဲစက်ရုံသို့သွားရောက်၍ လူနာ ၁၃၂ ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သော လူနာခြောက်ဦးအား ရန်ကုန်အလုပ်သမားဆေးရုံကြီးသို့ လွှဲပြောင်းပေးသည်။ (လူမှုဖူလုံရေး)

သာစည်မြို့မဈေး၌ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့မဈေးကြီးအတွင်း၌ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။ (၀၉၄)

လက်ပံတန်း ဂုံညင်းတန်းရွာ၌ သုတဗိမာန်စာကြည့်တိုက်ဖွင့်

လက်ပံတန်းမြို့နယ် ဂုံညင်းတန်းကျေးရွာ သုတဗိမာန်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်းနှင့် ကျေးရွာဥက္ကဋ္ဌဦးဉာဏ်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ် သပြေစမ်းကျေးရွာ၌ ရေစိမ့်တွင်းဖွင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ခဲ့သည့် သပြေစမ်းကျေးရွာ (၆× ၁၈)ပေ အုတ်စီ ရေစိမ့်တွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသောင်းထိုက်နှင့် အမှုဆောင်အရာရှိ ဦးမျိုးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများစိတ်စေတနာကောင်းဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက် ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးချဖော်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်၊ တိုင်း၊ ခရိုင် ဘဏ်ခွဲမန်နေဂျာများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြသည်။

အကျိုးရှိစွာအသုံးချ

ထို့နောက် ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့် အခြေအနေ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် ဘဏ်ခွဲ မန်နေဂျာများ ဦးဆောင်၍ ဝန်ထမ်းအားလုံး စိတ်စေတနာကောင်းဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးချ အကောင်အထည်ဖော်ကြရမည့် အစီအမံများကို အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆက်လက် ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းအစည်းအဝေး

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဇန်နဝါရီ ၁၄ရက်က ခရိုင်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများပူးပေါင်း၍ အဖွဲ့ပိုင် မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီးနှင့် မီးသတ်ဆေးဘူးများ အသုံးပြုပြီး လက်တွေ့မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၄)ထွက်နေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ်(၄)ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် နွေစပါးအထွက်နှုန်း မကျဆင်းရေး ပေါင်းမြက် ကာကွယ်နှိမ်နင်းပေး၊ ယာမှလယ်ပြောင်း ဒို့ကံကောင်း၊ တန့်ဆည်မြို့နယ်မှ အောင်မြင်နေသော ကုလားပဲစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွားများနှင့် ကပ်ပါးပိုးအန္တရာယ်၊ မျိုးညံ့များ မျိုးမပွားအောင်၊ ဆိတ်အုပ်ဖြစ်ချင်လိုပါလျှင် ဆိတ်မတစ်ကောင်မွေး၍ပွားပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ အနာကြီးရောဂါ ကြောက်ဖို့မလို ကုသရန်သာလိုပါသည်၊ ကြိုတင်ကာကွယ် ကင်ဆာရောဂါအန္တရာယ်၊ ဘူးပင်နှင့်ဆေးအသုံး၊ ကျေးလက်တောရွာမချန်ပါ တွေ့အောင်ရှာပါ တီဘီရောဂါ၊ တက္ကသိုလ်ဝင်တန်းဖြေမည့် ကျောင်းသားများ ကျန်းမာရေးအတွက် အလေးထားဖွယ်ရာများ၊ အာဟာရကြွယ်သည့် ကိုက်လန်ရွက် စသည့် ကျန်းမာရေးဆောင်းပါးများ၊ သဒ္ဒါရှင်လန်းအလှူပန်းများ လန်းဆန်းဝေဖြာ ခုချိန်ခါ၊ ပညာပန်း ပွင့်လန်းဝင့်ထည် ဆားလင်းကြီးမြို့နယ် စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ပို့ကုန်တင်ပို့သော နိုင်ငံအဖြစ်ရောက်ရှိ၊ ဗီယက်နမ်နိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ကမ္ဘာနှင့်အညီ မြင့်တင်မည်၊ ဆော်ဒီအာရေဗျနိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၁၀ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ကျွန်တော်တို့လည်း ဒီထက်ပိုပြီးတော့ အများကြီးကြိုးစားသွားပါမယ် ဆိုတဲ့ အကယ်ဒမီ ခန့်စည်သူနှင့်တွေ့ဆုံခြင်း၊ အဆိုတော်အဖြစ်ပဲ ပိုသိစေချင်ပါတယ် ဆိုတဲ့ ရတနာမိုင် စသည့် အနုပညာသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ အခန်းဆက်ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင်ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က ဗဟန်းမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ဘက်စုံနှင့် စာပေထူးချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စာပေထူးချွန် ပထမဆုရ မောင်အောင်ကျော်လင်းအား ကျောင်းအကျိုးတော်ဆောင် နာယက သုမဓမ္မမဏ်ဇောတ ဦးချစ်မောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဘိန်းခင်း ၁၂၇၀၅ ဒသမ ၆၅ ဧက ဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်အထိ ဘိန်းခင်း ထပ်မံဖျက်ဆီးနိုင်မှုမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်း၊ တန့်ယန်း၊ မန်တုံနှင့် ကွတ်ခိုင်မြို့နယ်များအတွင်းမှ ၁၇၀ ဒသမ ၅၅ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်း၊ မိုင်းရှူးနှင့် ဆီဆိုင်မြို့နယ်များ အတွင်းမှ ၁၄၆ဒသမ ၅ဧကဖြစ်ကြောင်း သိရှိရသည်။

ဖျက်ဆီးနိုင်ခဲ့

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းဆတ်မြို့နယ်များ အတွင်းမှ ၇ဒသမ ၅ဧက၊ ကချင်ပြည်နယ် ချီဖွေ၊ ဝိုင်းမော်နှင့် ဖားကန့်မြို့နယ်များအတွင်းမှ ၃၀ဒသမ ၆၃ဧက ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၃၅၅ဒသမ ၁၈ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၀၉ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက်အထိ ပြည်နယ်နှင့်တိုင်းများမှ ဘိန်းခင်း ၁၂၃၅၀ဒသမ ၄၇ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၃ရက်အထိ စုစုပေါင်း ၁၂၇၀၅ဒသမ ၆၅ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ ရှေ့နေချုပ် ဦးအေးမောင်-ဒေါ်ခင်မြမြတို့၏သား

မောင်နေဝင်းဦး

B.E (Mechanical), Y.I.T., MBA, (Y.I.E)

Engineer, Decomd Engineering Pte., Ltd. Singapore

နှင့်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် ၂၂၊ ပထမထပ်နေ ဦးငွေ(ညွှန်ကြားရေးမှူး၊ငြိမ်း၊မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊စွမ်းအင်ဝန်ကြီးဌာန) (Consultant, UNOG Pte., Ltd.)-(ဒေါ်မြင့်သန်း)တို့၏တစ်ဦးတည်းသောသမီး

မအိငွေဖြူ

B.Sc (Hons:), M.Sc. (Geology) Y.U, Post Grad,

Diploma in Engineering Geology (Y.T.U)

Diploma in Accounting LCCI (U.K), MBA (Y.I.E)

Accounting Officer, BERGEN Marine and Offshore Pte., Ltd., Singapore.

တို့၏ ၁၁-၂-၂၀၁၀ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်နှင့် ဇနီးဒေါ်တင်ဌေးလှိုင်တို့အားလည်းကောင်း၊ ၁၃-၂-၂၀၁၀ရက်တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာ့ တက္ကသိုလ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့တက်ရောက်ကြသည့် ဆွေမျိုး၊ မိတ်သင်္ဂဟများအား လည်းကောင်း၊ ၁၄-၂-၂၀၁၀ရက်တွင် Inya Lake Hotel မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွှန့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တရားရုံးချုပ်တရားသူကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ တေးဂီတမှူး စန္ဒရားကွန်းဇော်၊ တက္ကသိုလ်လှဲ့လှဲ့နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မအိအိအောင်ဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးကြပါသော သမီးငယ် မပင်ကီနှင့် မဂျက်စီကာ၊ မင်္ဂလာသတို့သားအရံနှင့် မင်္ဂလာသတို့သမီးအရံများအဖြစ် ကူညီဆောင်ရွက်ပေးကြပါသော မောင်ကျော်ဇင်လတ်၊ မောင်တင်ကိုကိုအောင်၊ မနှင်းယုသွယ်နှင့် မမိုးဟန်နီ၊ မိတ်ကပ်ဆံပင်ခင်စန်းဝင်း၊ သတို့သမီးဝတ်စုံများချုပ်ပေးသော ဒီဇိုင်နာလတ်လတ်၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်နေဝင်းဦး-မအိငွေဖြူ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဒေါက်တာကျော်လွင် - ဒေါ်ရွှေရည်တို့၏သားကြီး

ဗိုလ်ကြီးကျော်မင်းဦး

B.C.Sc (D.S.A)

နှင့်

ပဲခူးမြို့နေ ဦးသံဒိုင်(ဓာတ်ခွဲမှူး-ငြိမ်း) - ဒေါ်ကြည်အုံး(သူနာပြု-ငြိမ်း) တို့၏ သမီးထွေး

မသက်စုမာ

A.G.T.I (M.T), B.A(Eco),Dip in G.I.S, P.G.D.A.A(Q)

လက်ထောက်ကထိက၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)

တို့၏ ၁၂-၂-၂၀၁၀ရက် (သောကြာနေ့)တွင် ပဲခူးမြို့၊ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့အားလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်အောင်မြင့် (ငြိမ်း)နှင့် ဇနီး ဒေါ်မြမြရင်တို့အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ လူကြီးမင်းများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ လူကြီးမင်းများနှင့် ဇနီးများ၊ ရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးမြင့်ဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် မြင့်မြင့်ကြည်နှင့် တေးသံသာဖြင့် ဖျော်ဖြေပေးသော ကိုမျိုး တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး မရွှေသံစဉ်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးသော မသဲသဉ္ဇာအောင်၊ မင်္ဂလာ လက်စွပ်များကိုင်ဆောင်ပေးသော မအေမီဉာဏ်ဝင်း၊ သတို့သားအရံ ဗိုလ်ကြီး အာကာကောင်း၊ သတို့သမီးအရံ မနှင်းမြတ်သူတို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးပေးသော စံကားဝါ၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုတင့်နှင့်အဖွဲ့၊ ဓာတ်ပုံမှတ်တမ်းတင်ပေးသော ကိုနေလင်း၊ ပန်းအလှ ပြင်ဆင်ပေးသော ငွေနှင်းမာလာ၊ သတို့သမီး မင်္ဂလာဝတ်စုံဖန်တီးပေးသော မစံပယ်၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးသော Top One ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအပေါင်းအသင်းများ အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်မင်းဦး-မသက်စုမာ။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်ထင်လင်းကျော် ၁၂/တမန(နိုင်)၁၀၆၉၇၈ နှင့် မတင်ဖြူဖြူသော် ၁၀/ရမန(နိုင်)၁၅၉၅၈၉တို့သည် အစ္စလာမ် တရားတော်နှင့်အညီ ၁၄-၂-၂၀၁၀ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

မောင်ထင်လင်းကျော်
၁၂/တမန(နိုင်)၁၀၆၉၇၈။

(၄၇)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ခင်ပွန်း ဦးထွန်းအောင်၏ ၁၆-၂-၂၀၁၀ရက်တွင် ကျရောက်သော မွေးနေ့မှသည် ကြင်နာပြုစုပေးသောဇနီးနှင့်အတူ အောင်မြင်မှုများ ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး	-	**ဒေါ်စန္ဒာဦး**
သားကြီး	-	**ပြည့်ဖြိုးအောင်**
သားလတ်	-	**ပြည့်စုံအောင်**
သမီးလတ်	-	**ဧပရယ်အောင်**
သားငယ်	-	**ရဲထက်အောင်။**

မွေးနေ့မင်္ဂလာဆုတောင်း

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ရီ၏ ၁၄-၂-၂၀၁၀ရက်တွင် ကျရောက်သော (၇၄)နှစ်မြောက်မွေးနေ့မှ နောင်နှစ်များစွာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာတရားများ ပွားများအားထုတ်နိုင်စေရန် ရည်သန်ပြီး သား၊ သမီး၊ မြေးများမှ နေ့စဉ်ဆုတောင်းကန်တော့နေကြပါသည်။

သား - ဝေလင်းအောင် 2nd Mate (F/G)- (C.D.C - 50225)
သမီး - ဒေါက်တာမမျိုးခိုင် M.B.,B.S, M. Med. Sc (Medical Oncology)
သား - ဒေါက်တာအောင်မိုးထွန်း M.B.,B.S, M. Med. Sc(Opthalmology)
သမီး - ဒေါက်တာယဉ်မင်းအေး M.B.,B.S, M. Med. Sc (Internal Medicine)။



ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၂-၂၀၁၀ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ '၁၆'ပါ အသုံးမလို ပိုလျှံယာဉ်မျိုးစုံအား ဈေးပြိုင်အိတ်ပိတ်စနစ်ဖြင့် ရောင်းချရန် လျှောက်လွှာ ခေါ်ယူခြင်း ကြော်ငြာအမှတ်စဉ်(၇) ဈေးနှုန်းတင်သွင်းလွှာ စည်းကမ်းချက်များနောက်ဆုံးဝယ်ယူနိုင်သည့်ရက်ကို ၂၄-၂-၂၀၁၀ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်သူချစ်သော အနုပညာသည် ကိုရဲအောင်

ချစ်သောအနုပညာကဲ့သို့ မိသားစုအသိုင်းအဝိုင်းပေါ်တွင်လည်း ချစ်ခင်ကြင်နာ လေးစားမှုဖြင့် တာဝန်ကျေသော ထပ်ဆင့်အကယ်ဒမီ ကိုရဲအောင် အတွက် ....

နိုင်ငံတော်မှ ချီးမြှင့်အပ်သော ဒုတိယအကြိမ်မြောက် အကယ်ဒမီဆု ထိုက်တန်စွာ ရရှိခြင်းကြောင့် ....

အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း....

အနာဂတ်ကာလတွင်လည်း နိုင်ငံအကျိုး၊ သာသနာ့အကျိုးအတွက် အားတက်ရွှင်လန်းသောစိတ်ဖြင့် ထမ်းဆောင်ရင်း မြတ်သောရလဒ်ဆုများဖြင့် ပြီးပြည့်စုံပါစေဟု ဆန္ဒပြုအပ်ပါသည်-

ချစ်သောမိသားစု
ကိုမျိုးညွှန့်(မင်းကျော်ဝင်း)၊ မချစ်ချစ်နိုင်၊ မောင်ဖွဲ့နိုင်အောင်၊
ကိုသက်ဌေး၊ ဒေါက်တာခင်စုစု၊ မစုနေနီဌေး(စုငယ်)
ကိုခန့်၊ မစိုးစိုးနိုင်၊ မပန်ဆုသီ၊ မနွယ်ဖူးဝေ၊ မငုကေသွယ်။

ဖခင်အမည်မှန်

ရေတာရှည်မြို့၊ အထက၊ နဝမတန်း (B)မှ မခိုင်ဝါလွင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဆိုင် ၇/ရတရ(နိုင်)၀၀၈၃၈၈ (အမတ်ကြီးခုံကျေးရွာ) ဖြစ်ပါသည်။ **ဦးကျော်ဆိုင်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၆ရက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန လှိုင်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် ဆဋ္ဌမတန်း ဘာသာစုံပထမနှင့် သိပ္ပံဘာသာ ထူးချွန်ဆုရရှိသော မောင်မြတ်ထွန်းသိန်းအား အထက(၂) လှိုင်မှ ဆရာမကြီး ဒေါ်ခင်ဦးကြည်က ဆုချီးမြှင့်စဉ်။

(ပညာရေး)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တပ်ကြီးကုန်းရပ်ကွက် ကွမ်းခြံစက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါကွမ်းခြံစက်လမ်း မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ သင်တန်းသားများ ကျေးရွာအတွင်း စာငှားစနစ်များအကြောင်း ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် တပ်ကုန်းမြို့ တဲမြင့်ကျေးရွာ ပန်းရနံ့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် သရက်ပင်ကျေးရွာ ပညာဘဏ် စာကြည့်တိုက်သို့ (၁/၂၀၁၀) စာကြည့်တိုက်ပညာသင်တန်း အဖွဲ့(၅)မှ သင်တန်းသား ဖြစ်ကြသော ဒေါ်ကေခိုင်ဦး ရုပ်သံ-၃၊ ဒေါ်မိုးဖြူလွင် စာထောက်-၃၊ ဒေါ်ဇာနည်ဝင်း စာထောက်-၃၊ ဦးရန်ငြိမ်း ရုပ်သံ-၃၊ ဦးစောဖြိုးဟိန်း ရုပ်သံ-၃ တို့က အဆိုပါ စာကြည့်တိုက်များအရောက် ကွင်းဆင်းလေ့လာကြသည်။

ကွင်းဆင်းဆောင်ရွက်

(၁/၂၀၁၀)စာကြည့်တိုက် ပညာသင်တန်းမှ သင်တန်းသား အဖွဲ့ဝင်များသည် စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူနိုင်ရေးအတွက် ကျေးရွာအတွင်း အလှူငွေကောက်ခံပေးခြင်း၊ ဟောပြောပွဲ ကျင်းပပေးခြင်း၊ စာအုပ်စာတမ်းများနှင့် စာငှားစနစ်များ ရှင်းလင်းပြောကြားပေးခြင်းနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ ပြသပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်း ပြန်/ဆက် နံရံကပ် စာစောင်ပြပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော နံရံကပ် စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက်က အလက(၄)ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွှန့်ကလက်ဆင့်ကမ်းအမွေပြည်ထောင်စုမြေ ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းသား ကျောင်းသူများက နံရံကပ် စာစောင်များ ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ်ပြန်/ဆက်)**

တန့်ဆည်မြို့ မြို့မဈေးသစ်နှင့် တိုးချဲ့ကတ္တရာလမ်းသစ်ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၂၆ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တန့်ဆည်မြို့၌ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော မြို့မဈေးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက မြို့မဈေးသစ်ကြီးနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြသည်။ ဆက်လက်ပြီး မြို့မဈေးသစ်တည်ဆောက်ရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဈေးသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

အစီအစဉ်အရ မြို့မဈေးသစ်ကြီးအား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူးက မြို့မဈေးသစ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** ကျောက်စာတိုင်ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် မြို့မဈေးသစ်ဖွင့်ပွဲ အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး အခမ်းအနား တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးသည် ဈေးသစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကတ္တရာလမ်းသစ်ဖွင့်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တန့်ဆည်မြို့ မဟာဗန္ဓုလလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရ မြို့မိ၊ မြို့ဖတစ်ဦးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးနှင့် မြို့မိ မြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်နှင့် အဝိုင်းပတ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

DTH စလောင်းများ တပ်ဆင်မှု အခြေအနေ ပြန်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၄ရက်မှ ၂၈ရက်အထိ DTH စလောင်းရရှိသော လောင်းရှည်၊ လှော်ကား၊ ဆီမီးနှင့် တင့်တူကျေးရွာများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၄ရက်မှ ၆ရက်အထိ DTH စလောင်းရရှိသော ကံချောင်း၊ ပေါက်တော(၄က်)၊ ညောင်ကန်နှင့် ယောလက်ပံကျေးရွာများသို့လည်းကောင်း ကွင်းဆင်းကာ စလောင်းတပ်ဆင်ပေးခဲ့သည့် အခြေအနေကို ပြန်လည်လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်းကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

Noble Nine Education က Level-3 ဒီပလိုမာအဆင့် စီးပွားရေးဆိုင်ရာ Marketing, Management, Accounting နှင့် Administration ဘာသာရပ်များကို မတ် ၃ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်း သာလွန်ကောင်းမွန်သော Level -3 အဆင့် ဒီပလိုမာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး ၂၀၀၉ခုနှစ်နောက်ပိုင်း အများစုစိတ်ပါဝင်စားသည့် Investigating Business Resources, Working in Administration, Projects, Management Accounting, Human Resource Management, Managing a Business Event, Exploring Team Development, Internet and e-Business, Health and Safety in the Workplace, Business Ethics, International Business, Computer Applications for Financial Management စသည့်ဘာသာရပ်များ ပါဝင်သည့် Unit-18 ခုဖြင့် သင်ကြားမည်ဖြစ်သည်။

သင်ကြားမည်

သင်တန်းတက်ရောက်လိုသူများသည် အခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်၊ ကောလိပ်တက်ရောက်နေသူများပါ လျှောက်ထားနိုင်မည်ဖြစ်ပြီး ယခုဖွင့်လှစ်မည့် သင်တန်းကို သင်တန်းကြေး ၂၀ရာခိုင်နှုန်းလျှော့၍ လက်ခံပေးမည်ဖြစ်သည်။ သက်ဆိုင်ရာဘာသာရပ်တစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ လက်ခံမည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်ပြင်ပတွင် သင်ကြားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အမှတ် ၇ ဝတ်ကျောင်းလမ်း ရေကျော်ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၆၉၁၅၊ ၀၁-၇၃၀၀၂၉၆၆နှင့် ၀၁-၇၃၀၁၃၂၀၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မီးဘေးလုံခြုံရေး

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် မြင်းမူမြို့ မြို့မဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးကျော်လှိုင်တို့က လုံခြုံရေး လျှပ်စစ်မီးကြိုးသွယ်တန်းထားရှိမှုနှင့် မီးသတ်ရေငုတ်များ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေရရှိမှုအားထားရာ သိကြားဘုရားရေကန်နှင့် မြို့ပေါ်ရပ်ကွက်များ ဆက်သွယ်သွားလာမှုလိုအပ်သည့် ရတနာဒီပလမ်းအား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့်အဖွဲ့ ဇန်နဝါရီ ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူမင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

ပေါင်မြို့နယ် ရဲပြားကုန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ပေါင် ဖေဖော်ဝါရီ ၁၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာ ပညာတံခွန်-၆ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ သထုံခရိုင် ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးသန်းအောင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

လွှဲပြောင်းပေးအပ်

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အလံအား ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက လက်ခံယူသည်။

ကုန်ကျငွေ

အဆိုပါ စာကြည့်တိုက်သည်နိုင်ငံတော်မတည်ငွေ ကျပ်၁၀သိန်း၊ ကျေးရွာပြည်သူ စုပေါင်းထည့်ဝင်ငွေ ကျပ် ၁၅သိန်း စုစုပေါင်းငွေကျပ် ၂၅သိန်းဖြင့် ကုန်ကျခံ ဆောက်လုပ်ခဲ့၍ အလျား ၂၄ပေ × အနံ ၁၄ပေနှင့် အမြင့် ၁၂ပေဖြစ်ပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် ကျို့က္ကလီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရတနာမြိုင်ရေကျော်ကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးမောင်စိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သုခလမ်း ကတ္တရာခင်းဆောင်ရွက်

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပိန္နဲတောရပ်ကွက် သုခလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးဖွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မြဝတီခရိုင် မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၁၀

မြဝတီခရိုင် ရဲတပ်ဖွဲ့ကကြီးမှူး၏ မူခင်းကျဆင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ရက်က အထက သက်န်းညီနောင်ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရဲထွန်းက မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပြီး**(ယာပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲကို ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းက ဟောပြောသည်။ ဆက်လက်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအကြောင်းကို ဒုတိယရဲမှူးကြီးရွှေကဟောပြော၍ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအကြောင်းကို ရဲအုပ်သိန်းလွင်က ဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းကူးနည်း၊ ဆိုင်ကယ်စီးခြင်း၊ စက်ဘီးစီးခြင်း အကြောင်းကို ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ဝင်းဟန်က ဟောပြောသည်။

အခမ်းအနားသို့ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၃၅၀ကျော် တက်ရောက်ကြသည်။ အလားတူ အထက မြဝတီကျောင်းခန်းမ၌လည်း အသိပညာပေး ဟောပြောသည်။ **(၁၀၁)**

ပဲခူးမြို့ အထက (၅)တွင် အသိပညာပေး ဟောပြောပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၂

ပဲခူးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ၉ရက် မွန်းလွဲ ၁နာရီက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်နှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနား ကျင်းပရာ ရှေးဦးစွာ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက အဖွင့်အမှာ စကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပဲခူး မူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်ကျော်ဆွေဦးက မျက်မှောက်ခေတ်လူငယ်နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်းကို လည်းကောင်း၊ ပဲခူးတိုင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး (အထူး)အဖွဲ့ တာဝန်ခံ ရဲအုပ်မျိုးသိန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ပဲခူးတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ခင်မောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်းကောင်း၊ ပဲခူးခရိုင် ဥပဒေ အရာရှိ ဦးလှသိန်းက မူးယစ်၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း အသီးသီး ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

အထက်မင်းလှ မြောက်မျှားကုန်းကျေးရွာ၌ ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

အထက်မင်းလှ ဖေဖော်ဝါရီ ၁၁

သရက်ခရိုင် မင်းလှမြို့နယ် မြို့သစ် ကျေးရွာအုပ်စု မြောက်မျှားကုန်းကျေးရွာ ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါလွင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ စာကြည့်တိုက် စံ (၅)ချက်နှင့် ပြည့်စုံစေရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်က သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြို့သစ်ကျေးရွာအုပ်စု မြောက်မျှားကုန်းကျေးရွာ ရတနာစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မီး သတိပြု

Real Time Vehicle Tracking System (RTTS) သရုပ်ပြ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

Million Commercial Co.,Ltd. က တင်သွင်းသော Real Time Vehicle Tracking System (RTTS) သရုပ်ပြ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Million Commercial Co., Ltd.မှ ဒါရိုက်တာ ဦးကျော်ပြည့်စိုးက အမှာစကားပြောကြားပြီး Million Commercial Co., Ltd. မှ ဦးနိုင်ဦး**(အပေါ်ယာပုံ)**က Real Time Vehicle Tracking System (RTTS)အကြောင်းကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဖြေကြား

ထို့နောက် MRTV-4 အစီအစဉ်ကို ပြသပြီး Vehicle တွင် တပ်ဆင်ထားသော RTTS စနစ်ကို လက်တွေ့သရုပ်ပြကာ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ကြည့်ရှုနိုင်

အဆိုပါ RTTS (Real Time Vehicle Tracking System) ကိရိယာကို တပ်ဆင်ထားခြင်းဖြင့် မိမိပိုင်မော်တော်ယာဉ်၊ ကုမ္ပဏီပိုင် မော်တော်ယာဉ်များ၊ အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များကို အချိန်နှင့် တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်ပြီဖြစ်သည်။

စောင့်ကြည့်ကာကွယ်

ယာဉ်သွားရာလမ်းကြောင်းနှင့် ယာဉ်ရောက်ရှိရာနေရာကို သိရှိ၍ ယာဉ်မောင်းနှင်နေသော မိုင်၊ ကီလို အကွာအဝေးတို့ကို သိရှိနိုင်သည့်အပြင် မိမိယာဉ်ကို အလွဲသုံးစားလုပ်ခြင်း၊ မိမိ၏အဖွဲ့အစည်းအတွင်း မိမိယာဉ်ကို အကျိုးရှိစွာ တကယ်အလုပ် လုပ်/မလုပ်ကိုလည်း သိရှိနိုင်သည့်အပြင် မိမိမော်တော်ယာဉ်လုံခြုံမှုကို စောင့်ကြည့်ကာကွယ်နိုင်မည် ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်း RTTS (Real Time Vehicle Tracking System) ကို ဝယ်ယူအသုံးပြုလိုသူများအနေဖြင့် Million Commercial Co., Ltd. အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၁၄၉၄၅၊ ၀၉-၈၀-၂၂၀၂၅တို့သို့ ဆက်သွယ်နိုင်ပြီး www.mili-com.com website သို့ လည်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်သည်။ **(သတင်းစဉ်)**

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပန္နက်တင်မင်္ဂလာ ကျင်းပ

ဆော ဖေဖော်ဝါရီ ၁၁

ဆောမြို့နယ် လော့်ကားရွာ ပညာလော့်တက်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က အဆိုပါ အဆောက်အအုံနေရာ၌ ကျင်းပရာ အဆောက်အအုံကို ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဆောမြို့နယ် ရပ်/ သံလွင့်စက်ရုံတာဝန်ခံ ဦးနိုင်လင်းတို့က ပန္နက်တင်ကြပြီး သတ်မှတ်ရက်အတွင်း အဆောက်အအုံပြီးစီးရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ပေါ်လာရေးတို့ကို ဆွေးနွေးကြသည်။

အလားတူ မင်းလယ်ကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

မြောက်ဥက္ကလာပမြို့နယ် အမက(၈)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ရက်က ကျင်းပရာ ခရိုင်အဆင့် အင်္ဂလိပ်စာစကားဝိုင်း ပထမဆု၊ မြို့နယ်အဆင့်နှင့် ကျောင်းတွင်း ထူးချွန်ဆု ၁၁ဆုရရှိသည့် စတုတ္ထတန်းမှ မချမ်းမြေ့ခင်အား ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဆုချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ကျေးလက်ကျောက်ချောလမ်းခင်း

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မန်ပြိန်းရွာအဝင်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၁ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် သာယာဝတီမြို့ ဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇန်နဝါရီ၁၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အဖွဲ့မှ စက်ရေတွင်းအသစ်များ တူးဖော်ပေးခြင်း၊ အသုံးပြုဆဲစက်ရေတွင်းများကို ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိရာ သစ်တိုကန်ကျေးရွာအုပ်စု စမ်းကန်ကျေးရွာ အသုံးပြုဆဲ စက်ရေတွင်း ပြုပြင်ဆောင်ရွက်ပြီးနောက် ဇန်နဝါရီ ၂၁ရက်က ရွာသူရွာသားများ ရေခပ်ယူ သုံးစွဲနေကြစဉ်။ (မြို့နယ်စည်ပင်)



မြစ်ကြီးနားစည်ပင် ဒိုချက်ကင်မြေဆွေး ထုတ်လုပ်သုံးစွဲ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုး၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၂၇ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးတင်မောင်ထွေးကြီးကြပ်သော ဝန်ထမ်းများသည် စိမ်းမြရောပန်းခြံအနီး မြေကွက်တွင် သဘာဝမြေသြဇာ ၁၀ပုံမှ ဒိုချက်ကင်မြေဆွေးထုတ်လုပ်ကြသည်။

အဆိုပါထွက်ရှိသော မြေဆွေးများကို လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာများတွင် စိုက်ပျိုးထားသော ရာသီပန်းများ စိုက်ပျိုးရာနှင့် ပျိုးဥယျာဉ်ပျိုးထုပ်များ၌ ထည့်သွင်းသုံးစွဲကြသည်။

(ပြည်နယ် ပြန်/ဆက်)



မြိတ်မြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်း မြိတ်မြို့နယ်၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ရက် နံနက် ၈နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ မြိတ်မြို့နယ် အခြေခံပညာကျောင်းများမှ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ကပြဖျော်ဖြေ

ရှေးဦးစွာ မြိတ်မြို့နယ်ပညာရေးမှူး ဦးကြည်သန်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက အနုပညာစွမ်းရည်ဖြင့် ကပြဖျော်ဖြေကြသည်။

(ခရိုင် ပြန်/ဆက်)

တန့်ယန်း ပြန်/ဆက်၌ လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းဆွေးနွေး

တန့်ယန်း ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်သည် ဒီဇင်ဘာ၈ရက် ညနေ၃နာရီက နိုင်ငံတော်၏ လမ်းညွှန်ချက်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ပြီး လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းဆွေးနွေးသည့်လုပ်ငန်းကို မြို့နယ်ရုံးစာကြည့်တိုက်၌ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးဝဲယာ မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်လမ်း

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ထားသော ကျေးလက်လမ်းများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သန်လျင်မြို့ ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်ကကျင်းပရာ ကိုရီးယားသံအမတ်ကြီးဖလား ဖိတ်ခေါ်ပြိုင်ပွဲတွင် တိုက်ကွမ်ဒိုငွေတံဆိပ်ဆုနှင့် ရန်ကုန်တိုင်း ကျောင်းပေါင်းစုံတိုက်ကွမ်ဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မောင်ရာဇာသကြီန်အား ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌဦးဘိုကြီးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

လှိုင်ကော်တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဆုချီးမြှင့်

လှိုင်ကော် ဖေဖော်ဝါရီ ၁၀

လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက ၂၀၀၉-၂၀၁၀ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဆုချီးမြှင့်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးလှမြင့်အောင်က ဆုရွေးချယ်မှုအခြေအနေနှင့် စပါးအထွက်တိုးရေး နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက မြို့နယ်အလိုက် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အားပေး

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌသည် တက်ရောက်လာသူများနှင့်အတူ ပြခန်းတွင်ပြသထားသည့် စပါးမျိုးများ၊ စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်နှင့်စာအုပ်များ၊ စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ပေါင်းစပ်သုံးစွဲနည်းစနစ်များကို ကြည့်ရှုအားပေးသည်။

(ပြည်နယ် ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် လမ်းလယ်မျဉ်းများ၊ လူကူးမျဉ်းကျားများ ရေးဆွဲခြင်းကို ဒီဇင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးစောသီဟနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြတ်ဇော်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများမှ အရှည် ပေ ၃၀၀၀၊ အကျယ် ၁၀ပေရှိ အုန်းပေါက်ကျေးရွာနှင့် မောင်းတက်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလှူငွေပေးအပ်

ကောလင်း ဖေဖော်ဝါရီ ၁၀

ကောလင်းမြို့နယ် မင်းချမ်းအုပ်စု မင်းချမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၅ရက်က အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က အမှာစကားပြောကြားပြီး ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နေ ဦးနေဦး (အမျိုးသားစာပေဆုရ ကိုနေ-ကောလင်း)က ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လင်းထံ ပေးအပ်လှူဒါန်းသည်။ (၀၃၂)

ကျောင်းကုန်း ဘဝပန်းတိုင်စာကြည့်တိုက် သုံးနှစ်ပြည့် ကဗျာနှင့်ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကျုံပျော်လမ်း ဘဝပန်းတိုင်စာကြည့်တိုက်၏ သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ရက်က ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုက မီးရှူးတန်ဆောင်ဂုဏ်ရောင်မြင့်မားစာကြည့်တိုက်များခေါင်းစဉ်နှင့် စံပြထိုက်သည့်စာကြည့်တိုက်များ တိုးတက်ပွားများရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး ဆုပေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က ၂၀၀၉ခုနှစ်အတွင်း စာကြည့်တိုက်တွင် စာဖတ်ရက်အများဆုံးဆုရဦးမြင့်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုက စာဖတ်အများဆုံးဆုရ မထက်ထက်လှိုင်အား ဆုပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဘဝပန်းတိုင်စာကြည့်တိုက်၏ ပညာရေးဆုနှင့်ကဗျာ၊ဆောင်းပါးပြိုင်ပွဲဆုများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် အလှူရှင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့သန့်ရှင်း သာယာရေး

ဒီဇင်ဘာ၂၈ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သာယာလှပရေးအတွက် လေယာဉ် ကွင်းလမ်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

16-2 (17).pmd 1 2/16/2010, 2:11 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျောက်တလုံးကြီး၌ ဆွေးနွေး

ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နှင်းရီတို့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက တီပုန်းကျေးရွာ နေသာလသာစာကြည့်တိုက်သို့သွားရောက်၍ စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံကာ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် မှတ်ပုံတင်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးပြီး ဦးစီးမှူးက နေသာလသာ စာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်မှူး ဦးခွန်ဘုန်းနိုင်က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေသော သွေးချင်းတို့ဌာနေ ကချင်မြေမှ နန်းကွေ့ချောင်းတံတား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးကို အစဉ်ရှေးရှုကာ လမ်း၊ တံတားများ အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့် ပြုပြင်ဖောက်လုပ် တည်ဆောက်ပေးခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

သတင်းမှတ်စု - တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)